

ဘုမ္မာဝတီစာပေ
မင်းသိင်္ခ
ဆားပုလင်းနှင်းမောင် နှင့်
မ တစ်ထောင်
တကောင်ဘွား
တတိယအကြိမ်

## နိဒါန်း

**နင့်ကိုနင်အား၊ နင်မသနား၊ နင်မှားရှာတော့သည် ။**

**နင်နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည် ။**

**နင့်ကိုနင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်….။**

“ဒုစ္စရိုက်ကစ္စာ … မကောင်းမှန်းသိလျက် မကောင်းကြံခြင်း၊ ဒုဘာသိတဘာသိ … မကောင်းမှန်းသိလျက် မကောင်းပြောခြင်း၊ ဒုကမ္မကာရီ … မကောင်းမှုကိုသိလျက် ဇွတ်တိုးလုပ်ခြင်းရယ်လို့ လူမိုက်လက္ခဏာ သုံးဖြာရှိကြောင်းကို ဥပရိမပဏ္ဏာသဗာလပဏ္ဍိတ သုတ်မှာ လာရှိပါတယ်”

“ကယ်မည့် သူမရှိတော့ပေ …။

တောင်မွေးလဲတော့ ဖိုးသူတော်ထူနိုင်၊

ဖိုးသူတော်လဲတော့ တောင်မွေးက မထူနိုင်”

အလိုရှိသည်
ဆုငွေ - ၁၀၀ဝိ



အထက်ဖော်ပြပါပုံမှာ အလိုရှိနေသော တရားခံ၏ ပုံကို ခန့်မှန်းရေး ဆွဲထားသော ပုံဖြစ်ပါသည်။

အရပ်- ငါးပေ - ကိုးလက်မခန့်

ကိုယ်လုံးကိုယ်ထည်- မပိန်လွန်း မဝလွန်း

အပြောအဆိုအသံ- စကားပြောလျှင် ပြတ်သားသည်။ အသံဩဇာရှိ သည်။

အမည်- မတစ်ထောင် တစ်ကောင်ဘွား

ကျူးလွန်ခဲ့သောပြစ်မှုများ - မြို့အုပ် ၃ ယောက်၊ ဝန်ထောက် ၄ ယောက်၊ သူဌေး ၂ ယောက်၊ ပုလိပ် အရာရှိ တစ်ယောက်တို့ ကို သတ်ခဲ့ သော လူသတ်မှုများ၊ လုယက်မှုများ။

သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ မျက်နှာ၌ အနက်ပေါ်တွင် အဖြူပြောက်ကလေးများ ပါသော ပိုးပုဝါကို ကန့်လန့်ဖြတ်စည်းထားပြီး ပြစ်မှုများကို ကျူးလွန်လေ့ရှိသည် ။ မတွေ့မဖြစ်သောသူများ နှင့် လည်း ထိုပုံစံအနေအထားအတိုင်းနှင့် သာ တွေ့ဆုံလေ့ရှိသည် ဟု သတင်းရထားသည် ၊ ပြစ်မှုကျူးလွန်ပြီးလျှင်လားပင်စင်ပေးလိုက်ပြီဟူသော စာကိုရေးကာ အောက်၌ မတစ်ထောင်တစ်ကောင်ဘွား ဟု လက်မှတ်ရေးထိုး၍ ထားခဲ့တတ်သည် ။ နီးရာ အရေးပိုင်ရုံး၊ မြို့ပိုင်ရုံး၊ ဂါတ်နှင့် အစိုးရဌာနတိုင်းသို့ သတင်းပို့နိုင်သည် ။

မစ္စတာရှပ်တဲဝပ် (စုံထောက်မင်းကြီး)

(မြန်မာပြည်စုံထောက်ဌာန)

အရာရှိဆိုးများ ၊ လူလူချင်း အနိုင်ကျင့်တတ်သူများအား … 'လားပင်စင်' ပေးသည် ဟု ဆိုကာ လိုက်လံသတ်ဖြတ်လျက်ရှိသော လျှို့ဝှက်လူသတ်သမားတစ်ဦး ရှိခဲ့ဖူးပါသည် ။

ထိုသူသည် ဘေးဒုက္ခနှင့် တွေ့ကြုံနေရသော ဒုက္ခသည်များကိုလည်း ကယ်ဆယ်လေ့ရှိကြောင်း ပုလိပ်ဘက်မှ သတင်းများ ရရှိထားပါသည် ။

ထိုသူအား မြင်တွေ့ခဲ့ရဖူးသော သူတို့ ၏ ပြောပြချက်အရ ညပိုင်းများ တွင် သာ မြင်တွေ့ခဲ့ရပြီးလျှင် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလျက် အနက်ရောင်ပေါ်တွင် အဖြူပြောက်ကလေးများ ပါသော ပိုးပုဝါကို မျက်နှာ၌ ကန့်လန့်ဖြတ်၍ စည်းထားသည် ဆို၏။ ထိုသူ၏ ပကတိမျက်နှာသွင်ပြင်ကိုမြင်တွေ့ဖူးသူဆို၍ တစ်ယောက်တစ်လေမျှပင် မရှိခဲ့ပါ …

ပုလိပ်မှတ်တမ်းများ ၌ ထိုလူသတ်သမား၏ အမည်ကို မတစ်ထောင်တစ်ကောင်ဘွား ဟူ၍ သာလျှင် ရေးသား၍ အမှုဖွင့်လှစ်ထားခဲ့ရပါသည် ။

ပုလိပ်ဘက်မှ လည်း ထိုမတစ်ထောင်တစ်ကောင်ဘွားအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်သူကို လည်းကောင်း၊ ဖမ်းဆီးနိုင်ရန် သတင်းအတိအကျ ပေးနိုင်သူကို လည်းကောင်း ဆုငွေ ၁၀၀ ဝိ/ - ကျပ်တိတိ ပေးပါမည်ဟု ထုတ်ပြန် ကြေညာထားခဲ့ရဖူးပေသည် ။

အင်္ဂလိပ်မျက်နှာဖြူ အစိုးရ၏ အုပ်ချုပ်ရေး အာဏာကိုပင် မထေမဲ့မြင် လုပ်ဝံ့သော ထိုမတစ်ထောင်တစ်ကောင်ဘွား၏ အဖြစ်အပျက်တို့ကား အောက်ပါအတိုင်း ဖြစ်ပေတော့သတည်း ...

**စာရေးသူ**

* * *

# ပထမအကြိမ် ပုံနှိပ်ခြင်းအမှာ စာ

တစ်နေ့သ၌ ကျွန်ုပ်သည် ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားဝတ္ထု ကို ရေးသားနေစဉ် ကျွန်ုပ်ထံသို့ လူတစ်ယောက် ရောက်ရှိ လာပြီးလျှင် သူသည် ကျွန်ုပ်၏ ဝတ္ထုများကို စွဲစွဲမြဲမြဲဖတ်လေ့ရှိသော သူတစ်ဦးဖြစ်ကြောင်း ပြောဆိုမိတ်ဆက်လေ၏။ ကျွန်ုပ်ကလည်း အိမ်ရှ င်တစ်ဦး၏ ဝတ္တရားအပြင် မိမိစာကို စွဲစွဲမြဲမြဲ ဖတ်နေသူပေတကားဟူ သော အမှတ်ဖြင့် ကောင်းစွာ ဧည့်ဝတ်ပြုလေ၏။

ဧည့်သည် ။။ ဆရာ့ဥစ္စာ ကလည်း ဗျာ၊ ထွက်သမျှ စာစောင်တွေ တော်တော်များများမှာ အကုန်လုံးလျှောက်ပြီး ရေးနေတာကိုး။

ကျွန်ုပ် ။။ ဒီလိုပါဗျာ၊ အဲဒီစာစောင်တွေက ကျုပ်ရဲ့ မိတ်ဆွေတွေ၊ ကျုပ်နဲ့ ရေးဖော်ရေးဘက် စာရေးဆရာတွေက ထုတ်ကြတာဆိုတော့ စာမူတောင်းရင် ရေးပေးရပါတယ်။ အမှန်ကတော့ တချို့ဝတ္ထုကလေး တွေဟာ ဝတ္ထုရှည်ရေးရင်ရတဲ့ ဇာတ်ကွက် ဇာတ်လမ်းမျိုးတွေ တောင်မှ ပါပါတယ်။ စာစောင်တွေ တော်တော်များများ လျှောက်ပြီး ရေးနေတာ ဟာ ခင်မင်မှုကြောင့် ပါ၊ ငွေကြောင့် မဟုတ်ပါဘူး။

ဧည့်သည် ။။ ဆရာဟာ အတော့်ကိုပဲ လောဘကြီးနေတယ်လို့ ကျွန် တော်ထင်ပါတယ်။

ကျွန်ုပ် ။။ ဘာကြောင့် များ လဲဗျာ။

ညည့်သည် ။။ ရုပ်ပြတွေ ရေးတဲ့ ကိစ္စပါ။

ကျွန်ုပ်။။ ရုပ်ပြတွေ ရေးတဲ့ ကိစ္စက ဒီလိုပါ။ အမှန်အတိုင်းပြောရရင် ကျုပ်အနေနဲ့ လုံးဝ မရေးချင်ပါဘူး။ ကျုပ်မှာ က အလုပ်ကိုမျိုးစုံအောင် လုပ်ခဲ့လေတော့ မိတ်ဆွေ အပေါင်းအသင်း အတော်ပဲများ ပါတယ်။ အဲဒီ မိတ်ဆွေတွေက ကျုပ်ဆီမှာ စာမူ လာပြီးတောင်းကြတယ်။ တချို့ဆိုရင် စာအုပ်လောက ကတောင် မဟုတ်ပါဘူး။ အပြင်က လူတွေကပါ စာမူ ပေးပါ၊ စာအုပ် ထုတ်ပါရစေ ဆိုပြီး လာကြတယ်။ မနိုင်ရင်ကာ လူတွေ က အကျပ်ကိုင် ကြပါတယ်။ ကျုပ်က ဝတ္ထုမပေးနိုင်ကြောင်း ပြောခဲ့ပါ တယ်။ အဲဒီမှာ ရုပ်ပြဇာတ်လမ်းတွေ ထုတ်မယ်ဆိုပြီး ဇွတ်အကျပ်ကိုင် ခံခဲ့ရပါတယ်။ မနိုင်ရင်ကာ အပေါင်းအသင်းဆိုတာက အတော်ပဲ ပြောရ ခက်ပါတယ်။ အဲဒီလိုတွေ ပေးထားရတာ စုစုပေါင်း ၇ ခုတောင် ရှိနေပါပြီ။ တကယ်ကတော့ မိတ်ဆွေကြီး ပြောသလို လောဘကြီးလို့ မ ဟုတ်ပါဘူး။ အခုထက်ထိ ရုပ်ပြအတွက် ငွေဆိုလို့ ပြောပလောက်အော င် မရခဲ့ပါဘူး။ တချို့ကို ဆိုရင် အလကားပေးရတာပါ။ အိုဗျာ အလကား ပေးရတာက များ ပါတယ်။ ဒါပေမဲ့လေ မိတ်ဆွေကြီးလိုပဲ ကျုပ်ကို မညှာမတာ အကြံပေးခဲ့တဲ့ မိတ်ဆွေတွေ ရှိပါတယ်။ သူတို့ ကတော့ - ကိုမျိုးဝင်း (သီတဂူစာပေ၊ တောင်ကြီး)၊ ကိုသန်းလွင် (တာလေးမောင် စာပေ၊ ဟသ်ာတ)၊ ကိုထွန်းရွှေ (အင်းဝစာပေ၊ ဟသ်ာတ) တို့ ဖြစ်ပါတ ယ်။ အဲဒီအတွက်လည်း ကျုပ်ကတော့ အလွန်ပဲ ကျေးဇူးတင်ပါတယ်။

ညည့်သည် ။။ ကျေးဇူးတင်တယ် ဆိုရင် ဒီလိုလုပ်ဆရာ။

ကျွန်ုပ် ။။ ဘယ်လိုလုပ်ရမလဲ မိတ်ဆွေကြီး။

ညည့်သည် ။။ ပြီးတာတွေတော့ ထားလိုက်ပါတော့ ... နောက်နောင် ကိုတော့ ရုပ်ပြဇာတ်လမ်းတွေ မရေးစေချင်ဘူး။

ကျွန်ုပ် ။။ ဟုတ်ကဲ့ ကတိပေးပါတယ်ဗျာ .. ကတိပေးရုံ မဟုတ်ပါဘူး၊ အခုထွက်လာမယ့် ရုပ်ပြတွေကိုလည်း မင်းသိခ် ဇာတ်လမ်းပဲ ဆိုပြီး မညာပါနဲ့ ၊ ပုံကိုလည်း ကြည့်ပါ ... ကောင်းမှ ဝယ်ပါ။

ညွှေ့သည် ။။ စိတ်ချဆရာ .. ပြီးတော့ ဆရာ့ကို ပြောချင်တာက ဝတ္ထုတွေပဲ ဖတ်ချင်ပါတယ်။ ဝတ္ထုတွေပဲ ရေးပါဆရာ။

ကျွန်ုပ် ။။ ဟုတ်ကဲ့ ... အခုလည်း ဝတ္ထုတွေကိုပဲ ရေးနေပါတယ်။ "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား" မကြာခင်ပဲ ထွက်ပေါ့မယ်။ ပြီးတော့ မြသိင်္ဃာရီ ဆိုတာက လူဝင်စားအကြောင်း၊ သပြေမှာ ပါတဲ့ "ပုဂံသားမောင်ဘမော်" ကိုလည်း အထူးကို အဆင်အပြင် ကောင်းကောင်း ဖြည့်စွက်ချက် ပြည့်ပြည့်စုံစုံနဲ့ ပြန်ပြီး ထုတ်ပါဦးမယ် .. ပြီးတော့ "သေသောသူသည် သုသာန်သို့ သွားသည် " ကိုလည်း ထုတ်ပါဦးမယ် ခင်ဗျ။

ညွှေ့သည် ။။ နယ်က မိတ်ဆက်စာ တွေကို ပြန်ပါသလား။

ကျွန်ုပ် ။။ ကျုပ်လက်ထဲကို ရောက်တဲ့ စာဆိုရင် မပြန်ဘဲ မနေပါဘူး ၊ အနှေးနဲ့ အမြန်တော့ ပြန်တာချည်းပါပဲ။ အလုပ်နဲနဲများ တဲ့ အခါတော့ စာပြန်တာ နောက်ကျတတ်ပါတယ်။

ညွှေ့သည် ။။ အခု ကျွန်တော် ဝေဖန်တာကို စိတ်မဆိုးပါနဲ့ ။

ကျွန်ုပ် ။။ ဘယ်ကလာဗျာ၊ ကျုပ်က ကျေးဇူးတောင် တင်ရဦးမှာ ပါ။

ညွှေ့သည် ။။ ကျေးဇူးတင်ရင် ကျေးဇူးဆပ်လေဗျာ။

ကျွန်ုပ် ။။ စာရေးဆရာတစ်ယောက်အနေနဲ့ သူ့ရဲ့ စာဖတ်သူကို အကောင်းဆုံးကျေးဇူးဆပ်နည်းကတော့ စာကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရေးခြင်းဘဲ မဟုတ်လား ... မိတ်ဆွေ။

ညွှေ့သည် ။။ သိပ်ဟုတ်တာပေါ့ဗျာ။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်

* * *

## မျောက်နှင့် တူသော လူတစ်ယောက်

မိုးသည်းထန်စွာရွာသောညတစ်ည၌ သက်န်းကျွန်းဘူတာအနီးရှိ ရထားလမ်းကို မျက်နှာမူ၍ ပြုထားသော ခြံဝင်းကြီးများ အနက် အစွန်းပိုင်းခပ်ကျကျ ခြံကြီးတစ်ခြံရှေ့၌ ခြံတံခါးတွင် တွဲလောင်းကျလျက်ရှိသော လူခေါ်ခေါင်းလောင်းကို လူတစ်ယောက်သည် ဆွဲကိုင်လှုပ်ယမ်းလျက် ရှိလေ၏။

ထိုလူသည် လူခေါ်ခေါင်းလောင်းကိုသာ လှုပ်ယမ်း၍ နေသည် မဟုတ်ဘဲ ပါးစပ်မှ လည်း "အိမ်ရှင်တို့ - အိမ်ရှင်တို့ " ဟု ကျယ်လောင်စွာ အော်ဟစ်၍ နေလေ၏။

မိုးမှာ လည်း သည်းသည် ထက် သည်း၍ လာလေ၏။ မိုးနှင့် အတူ လေများ ပါ တိုက်ခတ်၍ လာလေတော့၏။

သစ်ပင်များမှာ လည်း လေတိုက်ခတ်သောကြောင့် ဟိုမှ သည် မှ ယိမ်းထိုး၍ နေလေ၏။ လေသံ၊ မိုးသံ၊ သစ်ရွက်ချင်း၊ သစ်ကိုင်းချင်း ထိသံတို့ မှာ လည်း တရှဲရှဲတဟဲဟဲ မြည်ဟီးလျက်ရှိပေသည် ။ တစ်ခါတစ်ရံ၌ အုန်းပင်ပေါ်မှ အုန်းသီးများ ပင် တအုန်းအုန်း တဒိုင်းဒိုင်းနှင့် ကြွေကျလျက်ရှိလေ၏။

ခြံတံခါးမှ လူသည် ခေါင်းလောင်းကြိုးကိုလည်း အဆက်မပြတ် လှုပ်ယမ်းသကဲ့သို့ "အိမ်ရှင်တို့ - အိမ်ရှင်တို့ " ဟူ၍ လည်း အသံကုန်ဟစ်၍ အော်ခေါ်လေ၏။

ဆယ်မိနစ်ခန့်ကြာသောအခါ၌ ခြံအတွင်းမှ လက်နှိပ်ဓာတ်မီးဝင့်လျက် ခမောက်ကြီးကို ဆောင်းထားသည့် လူကြီးတစ်ယောက်သည် အင်းခွေးကြီးနှစ်ကောင် ခြံရံလျက် ခြံတံခါးဆီသို့ ရောက်၍ လာပြီးလျှင် ...

"ဘာလဲဟေ့လူ" ဟု ခပ်ငေါက်ငေါက်မေးလေ၏။ လူကြီးက ငေါက်၍ မေးသကဲ့သို့ ခွေးများကလည်း တဝုတ်ဝုတ်နှင့် ဟောင်ကာ ခြံပြင်မှ လူအား မာန်ဖီကြလေ၏။

"ဒုက္ခသည် ပါခင်ဗျာ ... တဆိတ်လောက် တံခါးကို ဖွင့်ပေးပါ"

"ဒုက္ခသည် တည်းခိုတဲ့ ဇရပ် မဟုတ်ဘူး " ဟု ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးက ပြန်၍ ပြောလေ၏။ သူ၏ ခွေးများကလည်း တဝုတ်ဝုတ်နှင့် ဟောင်မြဲဟောင်လေ၏။

"ဟုတ်ပါတယ်၊ ဇရပ် မဟုတ်ဘူး ဆိုတာ သိပါတယ်။ ဒဏ်ရာရလာလို့ ပါ၊ တဆိတ်လောက်ကူညီပါဗျာ"

"ဒဏ်ရာရတဲ့ လူကို ဆေးကုတဲ့ ဆေးရုံ မဟုတ်ဘူး " ဟု ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးက ပြန်ပြောလေ၏။ သခင်၏ အလိုက်သိသော ခွေးကြီးများကလည်း ဟောင်မြဲဟောင်ကြပြန် လေ၏။

"ဒီမှာ ဗျာ ... လူတစ်ယောက်ရဲ့ အသက်ဟာ အလွန်ပဲ တန်ဖိုးရှိပါတယ်။ အသက်တစ်ချောင်းကို ကယ်ပါ။ ဇီဝိတဒါန ဖြစ်ပါတယ်"

"ဇီဝိတဒါနတွေ၊ ဘာတွေ ပြောမနေနဲ့ ၊ ဒါ ဘုန်းကြီးကျောင်း မဟုတ်ဘူး " ဟု ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးကပြောပြန်လေ၏။ သူ၏ ခွေးများကလည်း ဟောင်မြဲဟောင်၍ နေလေ၏။

"ဒီမှာ ဟေ့လူ ... လူစကားနားမလည်ဘူးလား ... ဖွင့်မလား မဖွင့်ဘူးလား ပြောစမ်း"

"မဖွင့်ဘူးဆိုရင် ငါ့လူကဘယ်လိုများ လုပ်မှာ လဲ" ဟု ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးက ပြောလေ၏။ ခွေးများကလည်း ဟောင်မြဲဟောင်လေ၏။

"အခုတော့ ဘာမှ မလုပ်ဘူး၊ ဒါပေမဲ့ တကယ်လို့ ဒီညမှာ ကျုပ်မသေခဲ့ဘူး ဆိုရင်တော့ ခင်ဗျားကို လာပြီးသတ်မယ်၊ မသတ်ခင်မှာ တစ်ကိုယ်လုံးကို ငါးမွှန်းသလိုမွှန်းမယ်၊ မွှန်းပြီးရင် ဆားနဲ့ နယ်မယ်"

"တကယ်လုပ်မှာ လား" ဟု ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးက ပြောလေ၏။ သူ၏ ခွေးများကလည်း ဟောင်မြဲဟောင်လေ၏ ။

"မယုံရင်စမ်းကြည့်လေ"ဟု ခြံပြင်ကလူက ပြောလိုက်ရာ ခြံတွင်းမှ ခမောက်ဆောင်းထားသော လူကြီးက 'ခဏနေဦး' ဟု ဆိုကာ အိမ်ဘက်ဆီသို့ ပြန်လှည့်၍ သွားလေ၏။ သူ၏ ခွေးများကလည်း သူနှင့် အတူ လိုက်ပါ၍ သွားကြလေ၏။

ထိုအချိန်၌ ခြံပြင်မှ လူသည် ခြံတွင်းရှိ အိမ်မဲမဲမြင့်မြင့်ကြီး၏ အပေါ်ထပ်ဆီသို့ မော့၍ ကြည့်မိလေ၏။ အပြာရောင် အခန်းဆီးပိတ်စများကို ဖောက်လျက် မီးအလင်းရောင်များ ထွက်၍ နေလေ၏။ ထို့အပြင် "တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်သည် လူညာကြီးပေါ့ကွယ်" ဟူသော ဓာတ်စက်သီချင်းသံကိုလည်း ခပ်သဲ့သဲ့ကြား၍ နေလေ၏။

တစ်အောင့်မျှကြာလျှင် ခမောက်ဆောင်းထားသော လူကြီးသည် လက်နှိပ်ဓာတ်မီး တဝင်းဝင်း လုပ်ကာ သူ၏ ခွေးများ နှင့် အတူ ရောက်လာပြီးလျှင် ခြံတံခါးသော့ကို ဖွင့်ပေးလေ၏။ တံခါးဖွင့်ရင်း၌ လည်း ...

"တစ်ကိုယ်လုံး ဓားနဲ့ မွှန်းပြီး ဆားနဲ့ နယ်မယ်ဆိုတဲ့ လူရဲ့ မျက်နှာကိုတော့ သေသေချာချာမြင်ဖူးအောင် ကြည့်ဦးမှ ပဲ" ဟု ဆိုကာ အပြင်မှ

လူ၏ မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ကြည့်လေ၏။ ထိုသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ကြည့်ပြီးနောက် ...

"ထွီ ... မျက်နှာကလည်း ကျက်သရေမရှိလိုက်တာ" ဟု ဆိုလေ၏။

"ကျုပ် မျက်နှာလားဗျာ ကျက်သရေမရှိတာ" ဟု ပြောလျက် ခြံအပြင်မှ လူက ခြံတံခါးကို မလွယ်ပေါက်ဖွင့်၍ ငုံ့ဝင်လေ၏။

"အင်း ဟုတ်တယ်၊ ကျက်သရေမရှိဘူး၊ ကိုယ့်လူမျက်နှာက မျောက်နဲ့ တူတယ်" ဟု ခမောက် ဆောင်းထားသော လူကြီးက ပြောလိုက်ရာ အပြင်မှ ဝင်လာသောလူသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ တစ်ကိုယ်တည်းပြုံး လိုက်လေ၏။ သူ၏ အပြုံးမှာ လွန်စွာလေးနက်လှပေသည် ။

အမှန်စစ်စစ်အားဖြင့် အပြင်မှ ဝင်၍ လာသော လူသည် အသက်အားဖြင့် (၂၇)နှစ်ခန့်ရှိ၍ အရပ် မြင့်မြင့် အသားဝါဝါ၊ မျက်လုံးမျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ် လူချောလူခန့်တစ်ဦး ဖြစ်ပေသည် ။

ထိုသို့ ချောမောခန့်ညားသူတစ်ဦးအား မျက်နှာက ကျက်သရေမရှိဘူး ဟူ၍ မျောက်နှင့် တူသည် ဟူ၍ လည်းကောင်း ပြောလိုက်သောအခါ၌ လည်း အပြောခံရသောလူက လေးနက်သော ဖီလိုဆိုဖီ အမြင်တစ်ရပ် ကို တွေ့မြင်သွားပေသည် ။ ထိုအမြင်ကား မိမိနှင့် မသင့်မြတ်သူတိုင်း အရုပ်ဆိုးကြသည် ဟူ၍ ပင် ဖြစ်ပေသည် ။

ခြံအပြင်ဘက်မှ ဝင်လာသူသည် အိမ်မဲကြီးဆီသို့ လျှောက်သွားလေ၏။ ခမောက်ဆောင်းထားသောလူကြီးက သူ၏ ခွေးများကို သံကြိုးမှ ကိုင်ကာ နောက်မှ လိုက်၍ လာလေ၏။ အိမ်မဲကြီး၏ လှေခါးသို့ ရောက်လျှင် ထိုသူသည် လှေကားအတိုင်းတက်၍ သွားပြီးနောက် အပေါ်ထပ်သို့ ရောက်သောအခါ၌ တံခါးကိုတွန်း၍ ဖွင့်လိုက်ပြီးလျှင် အခန်းတွင်းသို့ ဝ

င် လိုက်လေ၏။

အခန်းတွင်းသို့ရောက်လျှင် ရှေ့သို့ဆက်မသွားဘဲရပ်လျက် အခန်းတွင်းမှ လူများကို တစ်ဦးစီ ကြည့်ရှုအကဲခတ်လေ၏။ ခေါင်းရင်းဘက် ဆိုဖာကြီးတစ်လုံးပေါ်၌ တင်ပျဉ်ခွေလျက်ထိုင်ကာ ကွမ်းအစ်ကြီးကိုပိုက်လျက် ကွမ်းတမြုံ့မြုံ့ ဝါး၍ နေသော ရသေ့ကြီးတစ်ပါး၊ စားပွဲ၌ ထိုင်လျက်၊ အရက်သောက်နေသော မှုန်ကုပ်ကုပ် လူတစ်ယောက်၊ ဖဲထုပ်တစ်ထုပ်ကို ကျွမ်းကျင်စွာ ကုလားဖန်ထိုးလျက်ရှိသော ပြောင်စပ်စပ်မျက်နှာရှိသည့် လူတစ်ယောက်။

လက်တွန်းလှည်းကလေးပေါ်၌ ထိုင်လျက် ကွာစိထုပ်ကိုင်ကာ စား၍နေသော လူတစ်ယောက်၊ ထိုလူကို မြင်တွေ့ရသောအခါ၌ အပြင်မှ ဝင်လာသူသည် လွန်စွာအံ့သြ၍ သွားလေ၏။ အကြောင်းမှာ ထိုကွာစိစားနေသောလူသည် လူနှင့် မတူဘဲ မျောက်တစ်ကောင်နှင့် တူ၍ နေလေ၏။ မေးရိုးခေါခေါ၊ နှာခေါင်းတိုတို၊ မျက်စိပေါက်ကျဉ်းကျဉ်း၊ ဇက်ပုပု၊ ခြေတံလက်တံ ကလန်ကလားရှိလေ၏။ ကွာစိကို သွားဖြင့် ကိုက်ကာ အခွံခွာနေပုံမှာ လည်း တကယ့်ကို မျောက်တစ်ကောင်နှင့် တူလေ၏။

"နာမည်ဘယ်နဲ့ ခေါ်သလဲ" ဟု မျောက်နှင့် တူသောလူက ကွာစိကို တမြုံ့မြုံ့ဝါးရင်း မေးလေ၏။

"မိုးဆွေလို့ ခေါ်တယ်" ဟု အပြင်မှ ရောက်လာသူ ဖြေလာ၏။

"ဘာကိစ္စ ဒီအိမ်ကို လာရတာလဲ"

"ဒဏ်ရာ ရလာလို့ ပါ"

"ဘယ်လိုဖြစ်လို့ ဒဏ်ရာရခဲ့တာလဲ"

"မန္တလေးရထားပေါ်မှာ ကျုပ်နဲ့ လူတစ်စု တိုက်ပွဲဖြစ်တယ်၊ ကျုပ်က

ရထားပေါ်က ကျခဲ့တာပါ။ ဟိုလူတွေကလည်း ရထားပေါ်က ခုန်ဆင်းပြီး ကျုပ်နောက်ကို လိုက်လာကြတယ်"

"ပြီးတော့ သေနတ်နဲ့ ပစ်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"အရီရေ၊ မောင်မိုးဆွေရဲ့ ဒဏ်ရာကို ဆေးထည့်ပေးလိုက်ပါဦး၊ အဝတ်အစားတွေလဲ ရေစိုနေတယ်၊ လဲဖို့ ပေးလိုက်ပါကွယ်" ဟု မျောက်နှင့်တူသောလူက လှည်းပေါ်မှ အမိန့်ပေးလိုက်လျှင် အခန်း ထောင့်တွင် သိုးမွေးဆွယ်တာထိုးလျက်ရှိသော မိန်းကလေးတစ်ယောက်သည် ထိုးလက်စ သိုးမွေး အင်္ကျီနှင့် အပ်ကို စားပွဲပေါ်၌ တင်ထားပြီးလျှင် အခန်းတွင်းသို့ဝင်၍ သွားလေ၏။ ပြန်၍ ထွက်လာသည့် အခါ၌ အင်္ကျီ လုံချည်နှင့် မျက်နှာသုတ်ပဝါတစ်ထည် ပါ၍ လာလေ၏။

"အဝတ်အစားတွေ လဲလိုက်ပါရှင်"ဟု မိန်းကလေးက သာယာနာပျော်ဖွယ်ကောင်းသော အသံကလေးဖြင့် ပြောလေ၏။ ထိုသူသည် အင်္ကျီကိုချွတ်၍ ကြမ်းပြင်သို့ချ လိုက်လေ၏။ မိန်းကလေးက ကောက်ယူ၍ အင်္ကျီအိတ်ကို နှိုက်စမ်းပြီးလျှင် ဖောင်တိန်တစ်ချောင်းကို ဆွဲထုတ်ပြီးနောက် အနီးရှိ ခုံပေါ်တွင် တင်၍ ထားကာ အင်္ကျီရေစိုကို ညှစ်လိုက်ရာ ရေများ သည် ကြမ်းပြင်ပေါ်သို့ ဖြမ်းဖြမ်း,ဖြမ်းဖြမ်း ဖြင့်ကျလေတော့၏။

ထို့နောက် မိန်းကလေးထံမှ လုံချည်ကိုယူ၍ ခေါင်းမှ စွပ်ချလိုက်ပြီးလျှင် ဘောင်းဘီကြယ်သီးများကိုဖြုတ်ကာ ဘောင်းဘီကိုချွတ်ချလိုက်ရာ 'ဒေါက်' ဟူသော အသံကြီးတစ်သံ ထွက်ပေါ်၍ လာ လေ၏။

ထိုအသံကြီးကြောင့် မျောက်နှင့် တူသော လူသည် လည်းကောင်း၊ ဖဲထုပ်ကို ကုလားဖန်ထိုးလျက်ရှိသော လူသည် လည်းကောင်း၊ အရက်

သောက်လျက်ရှိသော မှုန်ကုပ်ကုပ်လူသည် လည်းကောင်း၊ ကွမ်းမြုံ့လျက်ရှိသော ရသေ့ကြီး သည် လည်းကောင်း အသံကြားရာဆီသို့ ပြူးဝိုင်းသော မျက်လုံးဖြင့် စိုက်၍ ကြည့်နေကြလေ၏။

"ဘောင်းဘီအိတ်ထဲမှာ သေနတ်ပါတယ် မဟုတ်လား မောင်မိုးဆွေ" ဟု လှည်းကလေးပေါ်မှ မျောက်နှင့် တူသောသူက မေးလေ၏။ မိုးဆွေက တစ်စုံတစ်ရာပြန်၍ ပြောခြင်းမပြုဘဲ ဘောင်းဘီကို ကောက်ကူကာ အိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ကို နှိုက်ယူ၍ ထောင်ပြ လိုက်လေ၏။

မိန်းကလေးသည် ဘောင်းဘီကို ကောက်ယူပြီးလျှင် ရေညှစ်၍ ယူသွားလေ၏။ ထို့နောက် လေးထောင့်သံဗန်းကလေးတစ်ချပ်၌ ဆေးပုလင်း၊ ဂွမ်းလိပ်၊ ပိတ်စိမ်းပါး၊ ကတ်ကြေး စသည် တို့ ထည့် ကာ မိုးဆွေထံသို့ ပြန်၍ ရောက် လာပြီးလျှင် မိုးဆွေ၏ လက်မောင်းမှ ဒဏ်ရာကို ဆေးထည့်ပေးလေ၏။

"မနာဘူးလား" ဟု မိန်းကလေးက ဆေးထည့်ရင်း မေး လိုက်လေ၏
။

"နာတာပေါ့ ... အသားပေါ်မှာ ဒီလိုအပေါက်ကြီးဖြစ်သွားတာ မနာဘဲ ရှိပါ့မလား"

"နာရင် ဆေးထည့်တာ ဘာဖြစ်လို့ မတွန့်ဘဲနေတာလဲ"

"ယောကျ်ားတစ်ယောက် လုပ်နေပြီး တွန့်ရမှာ ရှက်လို့ ပါ"

မိန်းကလေးသည် ပြုံးလျက် ပြန်၍ သွားလေ၏။ ထိုအခါ၌ မိုးဆွေသည် စားပွဲဆီသို့ တစ်လှမ်းခြင်း လျှောက်၍ သွားလေ၏။

"မောင်မိုးဆွေဟာ ကျုပ်ရဲ့ ဧည့်သည် ဖြစ်ပါတယ်။ ကျုပ်က အိမ်ရှင်

ဆိုတော့ ကောင်းကောင်း ဧည့်ဝတ်ပြုပါမယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ အိမ်မှာ တည်းခိုမယ် ဆိုရင် ကျုပ်ရဲ့ စည်းကမ်းကို လိုက်နာရမယ်" ဟု မျောက်နှင့် တူသောသူက စကားကို တစ်လုံးချင်း ပြော လိုက်လေ၏။

"ခင်ဗျား စည်းကမ်းက ဘယ်လိုလဲ"

"ကျုပ်ရဲ့ စည်းကမ်းကတော့ ဧည့်သည် ကို လက်နက်ကိုင်ဆောင်ခွင့် မပေးဘူး၊ ကျုပ်တို့ ကို အပ်ထားရမယ်"

"ကျုပ်ရဲ့ သေနတ်ဟာ ကျုပ်ရဲ့ အသက်ပဲ" ဟု မိုးဆွေကပြော၍ အခန်းတွင်းမှ လူများကို တစ်ယောက်ပြီး တစ်ယောက် လှမ်း၍ ကြည့်ရှုလေ၏။

"ဒီလိုလုပ်ပါလား" ဟု ဖဲကို ကုလားဖန်ထိုး၍ နေသူက စကားစ လိုက်လေ၏။

"ဘယ်လို လုပ်ရမှာ လဲ" ဟု မိုးဆွေက ပြန်၍ မေးလိုက်၏။

"ခင်ဗျားနဲ့ ကျုပ် ဖဲကစားမယ်၊ ခင်ဗျားနိုင်ရင် ခင်ဗျားသေနတ်ကို မအပ်နဲ့ ၊ ခင်ဗျားဆီမှာ ပဲထား၊ ကျုပ်နိုင်ရင်တော့ သေနတ်ကို အပ်ရမယ်၊ သဘောမကျဘူးလား"

"မကျဘူး"

မိုးဆွေသည် သေနတ်ကို ကိုင်လျက် မိန်းကလေးထံသို့ လျှောက်သွားပြီးလျှင် "ဒါ ကျုပ်ရဲ့ အသက်ပဲ မင်းကို အသက်အပ်လိုက်တာပဲ" ဟု ဆိုကာ မိန်းကလေး၏ လက်တွင်းသို့ သေနတ်ကိုအပ် လိုက်လေ၏။

"ဒီလိုမှ ပေါ့ကွာ"

မျောက်နှင့် တူသော လူက ချီးမွမ်းပြောဆို လိုက်လေ၏။ မိုးဆွေလ

ည်း ဖဲကို ကုလားဖန်ထိုးနေသူထံသို့ သွားပြီးလျှင် မျက်နှာကိုလက်သီးဖြင့် ထိုးချလိုက်ရာ ထိုဖဲသမားသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားလေ၏။

ထိုအခါ၌ ကွမ်းစားလျက်ရှိသော ရသေ့ကြီးက ကွမ်းအစ်အဖုံးကို ဖွင့်လိုက်လေ၏။

မိုးဆွေသည် ဝှက်၍ ထားသော အခြားသေနတ်တစ်လက်ကို ထုတ်၍ ရသေ့ကြီးအား ချိန်ရွယ်လျက် ...

"တဆိတ်ကလေး ငြိမ်ငြိမ်နေပါ ရသေ့ကြီး၊ ကွမ်းအစ်ထဲက သေနတ်ကိုတော့ အသုံးပြုဖို့ မကြံပါနဲ့ ၊ ကျုပ်က ဥပုသ်စောင့်ထားတဲ့ လူ မဟုတ်ဘူး " ဟု ပြော လိုက်လေ၏။ ရသေ့ကြီးလည်း ကွမ်းအစ်ဖုံးကို ဖွင့်မည်လုပ်ပြီးမှ မဖွင့်ရဲတော့ဘဲ ငြိမ်၍ နေရလေသည် ။

ကြမ်းပြင်ပေါ်မှ ဖဲသမားလည်း မေးစေ့ကို လက်ဖြင့်ပွတ်ရင်း ထ၍ လာကာ၊ ကုလားထိုင်ပေါ်၌ ပြန်၍ ထိုင်ပြီးလျှင် ဖဲထုပ်ကို ကုလားဖန်ထိုးမြဲ ထိုး၍ နေလေတော့၏။

"မောင်မိုးဆွေမှာ သေနတ်တစ်လက် ကျန်သေးတာကိုး၊ စောစောက ကျုပ်ပြောထားတယ် မဟုတ်လား ဧည့်သည် ဟာ လက်နက်မကိုင်ရဘူးလို့ " ဟု မျောက်နှင့် တူသောလူက ပြောပြန်လေ၏။ မိုးဆွေကလည်း သေနတ်ကိုကြည့်၍ နေလေ၏။ သေနတ်ကို မအပ်ချင်ကြောင်း သူ၏ အမူအရာက ဖော်ပြနေပေသည် ။

ထိုအချိန်၌ ခမောက်ဆောင်း၍ ထားသော ခြံစောင့်အဘိုးကြီးလည်း ရောက်ရှိ လာပြီးလျှင် သူ၏ ခမောက်ကြီးကို အခန်းထောင့်သို့ ပစ်ချကာ ရွှဲရွှဲစိုလျက်ရှိသော မိုးကာကိုလည်း ချွတ် လိုက်လေ၏။

"ဒါကြောင့် ကျုပ်ပြောတာပေါ့၊ ကိုယ့်လူဟာ မျောက်နဲ့ တူတယ်လို့ ၊ ကိုယ့်လူလည်း ရောက်လာရော ရန်တွေဖြစ်တယ်၊ သေနတ်တွေနဲ့ တစ်ယောက်ကို တစ်ယောက် ချိန်ရတယ်၊ ရသေ့ကြီး ပညာဗလ တောင် ငြိမ်ငြိမ် မနေရရှာဘူး၊ လူနဲ့ တူတဲ့ လူတွေကတော့ ငြိမ်တယ်၊ အရက်သောက်တဲ့ လူက အရက်သောက်တယ်၊ ဖဲကစားတဲ့ လူက ဖဲကစားတယ်၊ ကွာစိစားတဲ့ လူက ကွာစိစားတယ်။ ဆွယ်တာထိုးတဲ့ လူက ထိုးတယ်၊ အားလုံး ငြိမ်ငြိမ်သက်သက်ပဲ ကိုယ့်အလုပ် ကိုယ်လုပ်နေကြတယ်၊ ကိုယ့်လူကတော့ ငြိမ်ငြိမ်သက်သက် မရှိဘူး။ သေနတ် မကိုင်ရဘူးဆိုရင် သေနတ်ကိုင်တယ်၊ ဟိုလူ့ရန်လုပ် ဒီလူ့ရန်လုပ်နဲ့ မျောက်တစ်ကောင်လို လှုပ်ရှားနေတယ်။ ဒါကြောင့် ကျုပ်က တွေ့တွေ့ချင်းကပဲ မျောက်နဲ့ တူတယ်လို့ ပြောခဲ့တယ် မဟုတ်လား" ဟု ခြံစောင့်ကြီးက ပြော လိုက်လေ၏။

မိုးဆွေလည်း လက်မြှောက်လျက် ခြံစောင့်အဘိုးကြီးကို လှည့်၍ ကြည့်လိုက်သည် ။ ခြံစောင့်အဘိုးကြီးက သေးငယ်သလောက် အရောင်ထွက်လှသော မျက်လုံးကလေးများ ဖြင့် မိုးဆွေကို ပြန်၍ ကြည့်လေ၏။ ခြံစောင့်အဘိုးကြီး၏ မျက်နှာပေါ်မှ အစင်းကြောင်းများကလည်း ရင့်ကျက်ခြင်း သဘောကို ဖော်ပြလျက်ရှိပေ၏။

"ဒီမှာ မောင်မိုးဆွေ၊ မင်းဆရာကော ကျန်းကျန်းမာမာ ပဲလား"ဟု မျောက်နှင့် တူသောလူက မေး လိုက်လေ၏။

"အင်း ... ကျန်းကျန်းမာမာပါပဲ"

"ဒီကို လွှတ်လိုက်တဲ့ ကိစ္စကရော"

"ဆရာတို့ နဲ့ ပေါင်းပြီး အလုပ်လုပ်ဖို့ လွှတ်လိုက်တာပါ"

"မင်းရဲ့ သတင်းကတော့ ကြားပါတယ်ကွာ၊ တကယ့် လူတော်တစ်

ယောက် ပါပဲ၊ ဟောဒီမှာ သံကြိုးစာ၊ မင်းဆရာက ငါတို့ ဆီကို မင်းရောက်လာမယ့် အကြောင်း ရိုက်လိုက်တဲ့ သံကြိုးပဲ" ဟု ဆိုကာ မျောက်နှင့် တူသောလူက အိတ်အတွင်းမှ သံကြိုးစာကို နှိုက်ယူ၍ ပေး လိုက်လေ၏။ မိုးဆွေသည် မြှောက်ထားသော လက်ကိုချ၍ သံကြိုးစာကိုယူကာ ကြည့် လိုက်လေ၏။ သံကြိုးစာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

စနေနေ့ည မိုးဆွေမယ်၊ မိုးရေခံထားပါ။

**ဘိုးသိန်း**

* * *

"မင်းကို ငါတို့ က မြင်ဖူးတာ မဟုတ်ဘူး ။ ငါ့အစ်ကိုကြီး ကိုဘိုးသိန်းရဲ့ တပည့် မိုးဆွေဆိုတာလောက်ပဲ ဒို့ကသိထားတာ၊ မင်းရဲ့ လုပ်ရည်ကိုင်ရည်ကိုတော့ ကြားဖူးပါရဲ့ ။ ဒို့လုပ်ငန်းက အန္တရာယ် သိပ်ပြီးများ တယ်၊ ဒီတော့ မင်းဟာ မိုးဆွေ အစစ် ဟုတ်တယ် မဟုတ်ဘူး ဆိုတာ သိချင်ပါတယ်" ဟု မျောက်နှင့် တူသော သူက ပြောလိုက်ပြန်၏။

"ခင်ဗျားတို့ ကြိုက်သလို စစ်ဆေးပါ" ဟု မိုးဆွေက ပြော လိုက်လေ၏။

"အေး ... စစ်ရမှာ ပဲ၊ မင်းက မစစ်ပါနဲ့ ဆိုရင်လဲ မနေပါဘူး။ ဒို့က စစ်ရမှာ ပဲ၊ စိတ်ချ၊ ကဲ ... ကဲ ကိုတိုက်မောင်းရေ၊ ဒီသူငယ်ကို စာမေးပွဲ နဲ နဲ စစ်ကြည့်ပေးပါ" ဟု ဆိုလိုက်လျှင် ခြံစောင့်ကြီး ကိုတိုက်မောင်းသည်

ပြေး၍ မိုးဆွေ၏ လည်ကုပ်အား ဖမ်းကိုင်ပြီးလျှင် ချိုးလေ၏။ မိုးဆွေက ဖမ်းသောလက်ကို လက်ချင်းရိုက်၍ ဖြုတ်၏။ ခြံစောင့်ကြီးက လက်တစ်ဖက်ဖြင့် ဗိုက်ကိုထိုး၏။ မိုးတွေက ခြေဖြင့်ကန်၏။ ခြံစောင့်ကြီးက တံတောင်ဖြင့် ထောင်း၏။ မိုးဆွေက လက်သီးဖြင့်ထိုး၏။ ခြံစောင့်ကြီးက မိုးဆွေ၏ ခေါင်းကိုဖမ်း၏။ မိုးဆွေက ခေါင်းဖြင့်ဆောင့်၏။

မိုးဆွေသည် သွက်လက်ဖျတ်လက်စွာ သတ်ပုတ်လေ၏။ ခြံစောင့်ကြီးက လေးလေးမှန်မှန် သတ်ပုတ်လေ၏။ သစ်ခုတ်သမားသည် ကျွန်းပင်ကြီးကို မလဲမချင်း စိန်ပြေနပြေ ခုတ်၍ နေသကဲ့သို့ မိုးဆွေသည် ခြံစောင့်ကြီးအား လဲပြိုကျသွားစေရန် ကြိုးပမ်းနေ၏။ ခြံစောင့်ကြီးသည် ကျွန်းပင်ကြီးကဲ့သို့ ကြံ့ခိုင်၏။ ကျွန်းပင်ကြီးကဲ့သို့လည်း ရင့်ရော်၏။ ကျွန်းပင်ကြီး ကဲ့သို့လည်း အခုတ်အထစ် အထုအထောင်းကို ခံနိုင်၏။

နောက်ဆုံး၌ မိုးဆွေသည် လက်ပန်းကျ၍ လာ၏။ ထို့ကြောင့် တဖြည်းဖြည်းနောက်သို့ဆုတ်၍ ဆုတ်၍ သွားရာ အခန်းဝသို့ ရောက်သွားလေတော့၏။ ခြံစောင့်ကြီးက တစ်လှမ်းချင်း ရှေ့တက်၍ လဲသွားစေရန် ရိုက်လိုက်မည်ဟု ဆုံးဖြတ်လျက် လက်ကိုမြှောက် လိုက်လေ၏။ မိုးဆွေက အခန်းဆီး လိုက်ကာကို ဆွဲ၍ ချလိုက်၏။

ခြံစောင့်ကြီး၏ လက်သည် လိုက်ကာဖြင့် ရစ်ပတ်၍ သွား၏။ မိုးဆွေသည် လိုက်ကာကိုယူ၍ ခြံစောင့်ကြီး၏ လည်ပင်းကို ပတ်လိုက်ပြီး ဒူးခေါက်ခွက်ကိုဆောင့်၍ နင်းလိုက်ရာ ခြံစောင့်ကြီးသည် လည်ပင်းအစ်၍ ဒူးညွတ်ကျသွား၏။ မိုးဆွေက လိုက်ကာအဝတ်ကို ဆောင့်၍ ဆွဲ၏။ ခြံစောင့်ကြီး မျက်လုံးပြူး၍ လျှာထွက်လာ၏။ ထိုအခါကျမှ ပင် မိုးဆွေက "စာမေးပွဲ အောင်ပြီ လားကွ" ဟု ဆိုကာ ခြံစောင့်ကြီး၏ မျက်နှာအား ခ

န်၍ နင်းချလိုက်ရာ "ဟင်း .." ဟူသော ညည်းသံနှင့် အတူ ခြံစောင့်ကြီး လဲကျသွားလေ၏။ ကျွန်းပင်ကြီး လဲပြိုကျသွားသည် နှင့် သဏ္ဍာန်တူပေသည် ။

ထို့နောက် မိုးဆွေသည် ကျားတစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် အရက်သောက်နေသော မှုန်ကုပ်ကုပ်လူထံသို့ ပြေးသွား၍ ခုန်အုပ်ကာ ရင်ဝကို ဒူးဖြင့် ဆောင့်လိုက်ရာ ထိုသူလည်း ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့၏။ ထိုသို့ မပြုလုပ်ပါက အရက်သောက်နေသော မှုန်ကုပ်ကုပ်လူသည် အခန်းထောင့်၌ ထောင်၍ ထားသော လှံကိုယူ၍ မိုးဆွေကို ထိုးပေလိမ့်မည် ဖြစ်၏။ သို့ရာတွင် လှံဆီကို မရောက်ဘဲ ထိုင်ခုံမှ ထလိုက်ကာစတွင် ပင် မိုးဆွေ၏ ခုန်အုပ်ခြင်းကို ခံလိုက်ရလေတော့၏။

မိုးဆွေသည် လဲကျသွားသော အရက်သမားအား လှည့်၍ မကြည့်တော့ဘဲ ဖဲသမား၏ ရှေ့ ဖဲထုပ်ကိုယူ၍ ဖဲချိုးလိုက်ပြီးလျှင် "ဝေတော့" ဟု ပြောလိုက်ရာ ဖဲသမားက ဖဲသုံးချပ်စီ ဝေ လိုက်လေ၏။ ဝေပြီးလျှင် ဖဲသမားက ဖဲသုံးချပ်ကို လှန်၍ ပြလိုက်ရာ ခုနစ်ဖဲ၊ နှစ်ချပ်နှင့် ခြောက်ဖဲ တစ်ချက် ဖြစ်လေ၏။ ထိုအခါ၌ မိုးဆွေက "ခွန်နစ်စုံ ခြောက်တိုး မျောက်ရိုးတဲ့ ဖဲ ... ဘူဖြစ်သွားတယ် မဟုတ်လား ... ဟော့ကောင် ဒီမှာ ကြည့်" ဟု ဆိုကာ ၎င်း၏ ဖဲသုံးချပ်ကို လှန်၍ ပြလိုက်ရာ ကိုးဖဲနှစ်ချပ်နှင့် သုံးဖဲတစ်ချပ် ဖြစ်လေရာ တစ်ပေါက်ကို ရလေ၏။ ထို့ကြောင့် မိုးဆွေက ...

"ဘူကို တစ်နဲ့ စားပြီ ..." ဟု ဆိုကာ ဖဲသမားအား လက်သီးဖြင့် ထိုး၍ ချလိုက်ရာ ဖဲသမားလည်း ကြမ်းပြင်ပေါ်သို့ လဲကျမေ့မြောသွားလေ၏ ။

မိုးဆွေသည် စားပွဲပေါ်မှ စီးကရက်ဘူးကိုယူကာ စီးကရက်တစ်လိပ်ကို ထုတ်၍ ပါးစပ်၌ တေ့ပြီး မီးခြစ်ခြစ်လိုက်ပြီးနောက် ...

"ရသေ့ကြီးပညာဗလရေ၊ ဟောဒီသတ်ကွက် ကတော့ ရန်သူအား လုံးကို ထန်းသီး ချိုင်သလို မလှန်နိုင်အောင် ချိုင်လိုက်တဲ့ **ပိဏ္ဍိဒါယိက ဗျူဟာ** လို့ ခေါ်တဲ့ စစ်ပရိယာယ်ပါပဲ၊ ဘာများ စစ်ဆေးချင်ပါသေးသလဲ " ဟု မခိုးမခန့်မေးလိုက်ရာ ရသေ့ကြီးလည်း မျက်လုံးပြူး၍ သွားပြီးလျှ င် -

"ဟေ့ကောင် … ငါမေးမှာ ကလည်း မင်းအခု တိုက်လိုက်တဲ့ စစ်ဗျူ ဟာ ဟာ ဘာဗျူဟာလဲလို့ မေးမလို့ ကွ၊ ဒါကို မင်းက အတပ်ပြောနိုင် တာကိုး၊ တော်တယ်ဟေ့၊ ဒီတော့ နောက်တစ်ခု မေးရဦးမယ်" ဟု အစချီ လိုက်လျှင် မိုးဆွေက …

"ဒု စိန္တိကစိန္တာ … မကောင်းမှန်းသိလျက် မကောင်းကြံခြင်း ဒုဘာသိ တဘာသိ … မကောင်းမှန်း သိလျက် မကောင်းပြောခြင်း၊ ဒုကမ္မကာရီ … မကောင်းမှုကိုသိလျက် ဇွတ်တိုးလုပ်ခြင်းရယ်လို့ လူမိုက်လက္ခဏာ သုံးဖြာရှိကြောင်းကို ဥပရိမပဏ္ဏာ သဗာလ ပဏ္ဍိတသုတ်မှာ ပါရှိပါတယ်" ဟု ပြော လိုက်လေ၏။

ရသေ့ကြီးပညာဗလ၏ မျက်လုံးများ သည် ရကွင်း(လင်းကွင်း) လောက်ပြူးကျယ်သွားသည် ဟု ထင်မှတ်ရသည့် တိုင်အောင် ပြူးကျယ် သွားပြီးလျှင် …

"ဟေ့ကောင် …၊ တယ်တော်ပါလား၊ ငါမေးမှာ လဲ ဒါပဲကွ၊ မမေးခင် က ကြိုပြီးသိနေပါလား၊ ဒီတော့ နောက်တစ်ခွန်းပဲ မေးတော့မယ်"

"တပည့်တော် သာယာဝတီသားပါ ဘုရား"

"တော်ပြီဟေ့၊ မင်းစာမေးပွဲ အောင်ပြီ" ဟု ရသေ့ကြီးက ပြော လိုက် လေ၏။ ထိုအခါမှ အခန်းထောင့်က မိန်းကလေးက …

"သိပ်ပြီးတော်တာပဲ၊ ဟောဒီမှာ အမောပြေကလေး သောက်လိုက်ပါဦး" ဟု ဆိုကာ ပုလင်းကို ဖွင့်၍ ဖန်ခွက်တွင်းသို့ လောင်းထည့်ကာ မိုးဆွေအား ချစ်စဖွယ်ပြုံးပြ၍ ခေါင်းညိတ်ခေါ် လိုက်လေ၏။

မိုးဆွေလည်း မိန်းကလေးကို လှည့်၍ မကြည့်ဘဲ ဖလ်ခွက်ကိုယူကာ မော့ချလိုက်ပြီးလျှင် မျောက်နှင့် တူသူ လူကြီးအား ...

"ဟဲလို မစ္စတာမန်းကီးဘိုးစိန် ... ဘယ်လိုများ စာမေးပွဲ စစ်ချင်သေးလဲ" ဟု မေးလိုက်ရာ မျောက်နှင့် တူသောလူက ...

"ဟား ... ဟား အခုမှ စာမေးပွဲအောင်တယ်၊ သတ္တိကောင်းတဲ့ လူတွေဟာ မိန်းမရဲ့ အလှအပဒဏ်ကျတော့ မခံနိုင်ဘူး။ မိန်းမကို အရေးပေးကြတယ်။ လိုက်လျောကြတယ်။ အဲဒီမှာ ယောကျ်ား ပီသတဲ့ စာမေးပွဲကျရှုံးတော့တာပဲ၊ ပြီးတော့ အထက်လူကြီးကို ရိုရိုသေသေ ခခယယလုပ်တာဟာလဲ လူမိုက်ပီသမှုကို အားနည်းစေတယ်၊ ငါ့ကို အခုလို မစ္စတာမန်းကီးဘိုးစိန်လို့ ခေါ်ဝံ့တဲ့ လူဟာ လောကမှာ မင်းတစ်ယောက်ပဲ ရှိသေးတယ်၊ မင်းကတော့ ကမ်းကုန်အောင် မိုက်ဝံ့တဲ့ ကောင်စားမျိုး ပါပဲ၊ မင်းဟာ အကိုကြီး ကိုဘိုးသိန်းရဲ့ ညာလက်ရုံး မိုးဆွေ အစစ်ဆိုတာ ယုံပါပြီကွယ်" ဟု ပြော လိုက်လေ၏။

မိုးဆွေလည်း အနီးရှိ အရက်ပုလင်းတစ်လုံးကို ဆွဲယူလျက် မော့လေတော့၏။ မျောက်နှင့် တူသော လူကလည်း ကွာစိကိုမြုံ့၍ နေလေ၏။ အခန်းထောင့်မှ မိန်းကလေးသည် မိုးဆွေအား မကျေမနပ်ဖြစ်ကာ နှုတ်ခမ်းစူလျက် သိုးမွေးဆွယ်တာ ထိုးနေလေ၏။

ရသေ့ကြီး ပညာဗလမှာ လည်း ကွမ်းကို တမြုံ့မြုံ့ဝါးရင်း ...

**နင့်ကိုယ်နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည် ။**

**နင်နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည် ။**

**နင့်ကိုနင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည် ...**

ဟူသော ထွင့်ရှုခေါင်ဆရာတော်၏ ကမ္ဗဌာန်းသံပေါက်ကို ရွတ်ဆို၍ နေလေတော့သတည်း။

* * *

## သဒ္ဒဝါးတချူ၊ ကန်းတချူ ဟူသောစကား

တစ်နေ့သ၌ ကျွန်ုပ်သည် လစဉ်ရေးသားရသော ကရင်မီနယ် ရီပို့ ခေါ် ရာဇဝတ်မှုနှင့် ပတ်သက်သော အစီရင်ခံစာကို ရေးသားလျက်ရှိ လေ၏။ ထိုအခါ၌ လွန်စွာ ဆူဖြိုးလှသော ပုလိပ်အင်စပက်တော် ဦးကို ကိုကြီးသည် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ ဝင်ရောက် လာပြီးလျှင် "အစိုး ရအလုပ် ပဲဗျ၊ ဒါလောက်လဲ ကြိုးစားမနေစမ်းပါနဲ့ " ဟု ပြောလေ၏။

"မလုပ်ပါနဲ့ ဗျာ ... ဒီနေ့ လဆန်း ငါးရက်တောင် ရှိပြီဗျ။ ရီပို့မပြီးရင် ပုလိပ်မင်းကြီးက ကျုပ်ကို လာထုလိမ့်မယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက သူ၏ ကြီးမားသော လက်ကြီးဖြင့် စားပွဲကို ပုတ်လျက် ...

"ဒီနေရာမှာ တော့ ကျုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နဲ့ ကျုပ်တို့ ခင်ဗျားတို့ ဟာ သိပ်ပြီး ကွာတယ်ဗျ၊ ဒီလူကတော့ ဘယ်လောက် ရာထူးကြီးတဲ့ လူကိုပဲ ဖြစ်ဖြစ် ဂရုစိုက်တဲ့ လူမျိုး မဟုတ်ဘူး " ဟု ပြောလေ၏။

ထိုအချိန်၌ ပုလိပ်အင်စပက်တော် ကိုစိန်လှ ဆိုသူလည်း ကျွန်ုပ်တို့ ရှိရာသို့ ရောက်ရှိလာကာ ...

"ဆားပုလင်းနှင်းမောင်က အထက်အရာရှိကို ပမာမခန့်ပြန်ပြီးပြော ဝံ့တာ ဘာများ ဆန်းလို့ လဲဗျာ၊ ဆားပုလင်းဆိုတဲ့ ရာထူးလောက်ပဲရှိ တော့ ပြုတ်ချင်လည်း ပြုတ်ရောဆိုပြီး ပြောဝံ့တာပေါ့။ ကျုပ်တို့လို အင်

စပက်တော် ရာထူးလောက်များ ရှိကြည့်စမ်းပါလား။ ခင်ဗျားတို့ ဆားပု လင်းနှင်းမောင်ဟာ အထက်အရာရှိကို ဒီလို ပမာမခန့် ပြောဝံ့ပါ့မလား" ဟု ကျွန်ုပ်တို့ မိတ်ဆွေ ဆားပုလင်းနှင်းမောင်အား ခပ်နှိမ်နှိမ် ပြောဆို လေ၏။

" မဟုတ်ဘူး ကိုစိန်လှ၊ ခင်ဗျားက သက်သက် ဟိုတစ်ဘက်လူကို မ နာလိုဝန်တိုစိတ်နဲ့ ပြောနေတာ၊ ဆားပုလင်းနှင်းမောင်ဟာ မဟုတ်ရင် ဘယ်သူ့ကိုမှ မခံဘူး၊ ဘယ်အရာရှိကိုမှ မျက်နှာချို မသွေးဘူး။ ဒါကြော င့် ရာထူးမတက်ဘဲ နေတာ၊ တကယ်လို့ သာ သူဟာ ကျုပ်တို့ ခင်ဗျားတို့ လို အထက်အရာရှိနဲ့ သင့်တင့်အောင် ဆက်ဆံမယ်၊ မျက်နှာချို သွေးတ တ်မယ်၊ အထက်အရာရှိပြောတာ မှန်မှန် ၊ မမှန်မှန် ရက်ဆား ... ရက် ဆား ... လို့ လျက်ဆားဖော်တတ်မယ် ဆိုရင် သူဟာ အင်စပက်တော်ရာ ထူး ဘယ်ကလိမ့်မလဲဗျာ ... ပုလိပ်မင်းကြီး ဦးနှင်းမောင် ဖြစ်နေတာကြာပြီ" ဟု ဦးကိုကိုကြီးက စားပွဲကို လက်ဝါးဖြင့် ပုတ်ကာ ပြော လိုက်လေ၏။

အင်စပက်တော် ကိုစိန်လှလည်း ဆက်၍ မပြောတော့ဘဲ ငြိမ်၍ သွား လေတော့၏။ ထိုအချိန်၌ အင်စပက်တော် ကိုတင်ဝင်းဆိုသူ ရောက်ရှိ လာပြန်၏။ ၎င်း ကိုတင်ဝင်းလည်း ကျွန်ုပ် စာရေးနေသည် ကို ငုံ့ကြည့်ပြီးလျှင် ...

"ဦးအောင်သင်းရဲ့ လက်ရေးကတော့ ကြောင်ကုတ်ထားတဲ့ အတိုင်း ပဲ" ဟု ကဲ့ရဲ့ ကာပြောဆိုလေ၏။ ထိုသို့ ပြောဆိုပြီးနောက် ကျွန်ုပ်၏ စား ပွဲခုံပေါ်ရှိ မှန်အောက်၌ ထည့်ထားသော ဆားပုလင်းနှင်းမောင်၏ ပုံကိုကြည့်ရှုကာ ...

"ဆားပုလင်းနှင်းမောင်ရဲ့ ရုပ်က ကလိမ်ကကျစ်ကျမယ့် ရုပ်မျိုး၊ ဟို

ရှုပ်ရှုပ် ဒီရှုပ်ရှုပ် လုပ်မယ့်ရုပ်မျိုးဗျ"ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက စားပွဲခုံကို လက်ဝါးကြီးဖြင့် ဗုန်းခနဲ မြည်အောင်ပုတ်၍ ...

"ခင်ဗျားတို့ ဟာ တော်တော်စိတ်ထား မကောင်းတဲ့ လူတွေပဲ၊ ဆားပု လင်းနှင်းမောင်ဟာ ခင်ဗျား တို့ ထက် အစစအရာရာ သာတယ်၊ ဘယ် ဘက်ကပဲစမ်းစမ်း၊ ဆားပုလင်းနှင်းမောင်ကို ခင်ဗျားတို့ မကျော်နိုင်ဘူး၊ အိုဗျာ ... ခပ်ရိုင်းရိုင်း ပြောရရင် ဆားပုလင်းနှင်းမောင်ရဲ့ ခြေဖျားတော င် ခင်ဗျားတို့ မှီကြတာ မဟုတ်ဘူး ။ ဒါကို ခင်ဗျားတို့ ကိုယ်တိုင်လည်း သိကြပါတယ်။ သိရက်သားနဲ့ ကို ကိုယ့်ထက်သာ မနာလို ဆိုတဲ့ စိတ် ထားမျိုးတွေကြောင့် ဆားပုလင်းနှင်းမောင်ကို ခင်ဗျားတို့ လောက် မ တော်ဘူး၊ မတတ်ဘူးလို့ မျက်စိမှိတ်ပြီး ဇွတ်ပြောနေကြတယ်။ ပြောလို့ တော့ရပါတယ်။ လက်တွေ့မှာ တော့ ခင်ဗျားတို့ ဟာ ဆားပုလင်း နှင်း မောင်ရဲ့ အရည်အချင်းမျိုးကို ရဖို့ ဆိုရင် ဒီတစ်သက် မဟုတ်ဘူး ၊ ဆယ် သက် ကြိုးစားရင်တောင် ရမှာ မဟုတ်ဘူး ၊ ပြီးတော့ ခင်ဗျားဟာ ဆား ပုလင်းနှင်းမောင်ရှေ့မှာ ကျတော့ တစ်ခွန်းမှ မပြောရဲဘူး၊ ကွယ်ရာကျ တော့ နှိမ့်ချပြီး ပြောချင်ကြတယ်။ ခင်ဗျားတို့ ဟာ တကယ့်ကို စိတ် ကောင်း မရှိတဲ့ လူတွေပဲ" ဟု ပြောလိုက်ရာ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ က မျက်နှာများ သည် ပန်းပဲဖိုမှ ထုတ်ယူ ကာစ သံတုံးတွေကဲ့သို့ နီရဲ၍ သွားလေတော့၏။

ထိုသူနှစ်ဦးသည် နီရဲလျက်ရှိသော မျက်နှာများ ဖြင့် ဦးကိုကိုကြီးကို ကြည့်ပြီးလျှင် ကိုစိန်လှက ...

"ဆားပုလင်းနှင်းမောင်ရဲ့ (မက်သတ်) တွေဟာ မဆန်းပါဘူးဗျာ၊ ရှေးက စုံထောက်ဟောင်းကြီး တွေလုပ်ခဲ့တဲ့ (မက်သတ်) ဟောင်းကြီး တွေပါ၊ ကျုပ်တို့ လည်း ဒီတစ်ခါ အမှုတွေကျရင် အဲဒီ (အိုးမက်သတ်)

ကြီးတွေသုံးပြီး အမှုလိုက်ပြပါ့မယ်" ဟု ပြောပြန်လေ၏။

"အဲဒါကြောင့် ခင်ဗျားတို့ ကို ဆားပုလင်းနှင်းမောင်ရဲ့ ခြေဖျားကို မ မှီဘူးလို့ ကျုပ်ကပြောတာပေ့ါ၊ ခင်ဗျားတို့ က ဆားပုလင်းနှင်းမောင်ဟာ (အိုးမက်သတ်) ကိုသုံးလို့ အောင်မြင်နေတယ်လို့ ထင်တယ်။ ဒီတော့ (အိုးမက်သတ်) ကိုလိုက်ပြီး လုပ်ကြည့်မယ်။ အမှန်ကတော့ ဆားပုလင်း နှင်းမောင်ဟာ (အိုးမက်သတ်) ကို အရောင်ပြပြီး သူ့လမ်းကို သူ့ဖာသာ ထွင်ပြီး လျှောက်သွားတာ၊ သူအမှုလိုက်တဲ့ နည်းဟာ စကော့တလန်ယဒ် စုံထောက်အဖွဲ့ မပေါ်မီက စုံထောက်ကြီးဒန်တီ ရဲ့ စုံထောက်နည်းလိုလို၊ စကော့တလန်ယဒ် စုံထောက်အဖွဲ့ပေါ်ကာစက ကျော်ကြားတဲ့ စုံထော က်ကြီးဗီဒေါ့ ရဲ့ နည်းလိုလို ထင်ရပေမယ့် အမှန်ကတော့ မဟုတ်ဘူး ။ နှ င်းမောင်နည်း၊ နှင်းမောင်မက်သတ်၊ နှင်းမောင် ပရင်စီပယ် လို့ တောင် ကျုပ်တော့ပြောချင်တယ်"ဟု ဦးကိုကိုကြီးက ဆိုလေ၏။

"ဆားပုလင်းနှင်းမောင် မရှိလို့ ပြောတာ မဟုတ်ဘူး ၊ တချိတမောင်း လောက်တော့ ပြိုင်ပြီး အမှုလိုက် ပြချင်စမ်းပါဘိ ... ဦးကိုကိုကြီး" ဟု အင်စပက်တော် ကိုတင်ဝင်းက စိန်ခေါ် လိုက်လေ၏။

ကျွန်ုပ်သည် စိတ်ထားယုတ်ညံ့လှသော ထိုသူနှစ်ဦးအား တစ်စုံတစ် ရာ ပြောဆိုခြင်းမပြုတော့ပေ။ ထိုသူတို့ သည် များ စွာသော လူယုတ်မာ တို့ ၏ ထုံးစံအတိုင်း သူတို့ ၌ မည်ကဲ့သို့သော နည်းစနစ် ကောင်းများ ရှိကြောင်း၊ ထိုနည်းစနစ်ကို သုံးစွဲ၍ အမှုတစ်မှုလောက် ပေါ်ပေါက်အော င် လိုက်ပြလိုက်လျှင် ဆားပုလင်းနှင်းမောင် ဆိုသည့် နာမည်သည် စုံ ထောက်လောက၌ ပျောက်ကွယ်သွားမည် ဖြစ်ကြောင်း၊ ဆားပုလင်းနှင်း မောင်မှာ အမှန်စင်စစ် ဖြတ်ထိုးဉာဏ်ရှိသော စုံထောက်တစ်ယောက် မ ဟုတ်ဘဲ ကံကောင်း၍ ကျော်ကြားနေခြင်း သာလျှင် ဖြစ်ကြောင်း တို့ ကို

အတိုင်အဖောက်ညီစွာ ပြောဆိုနေကြ လေ၏။

ဦးကိုကိုကြီးလည်း နားကြားပြင်းကတ်လာသည့် အလျောက် "အိုင်ဆေး ဦးအောင်သင်းရေ ... နားကလောတယ်ဗျာ" ဟု ပြောဆိုကာ အခန်းတွင်းမှ ထွက်၍ သွားလေတော့၏။

ကျွန်ုပ်လည်း ရာဇဝတ်မှုနှင့် ပတ်သက်သော အစီရင်ခံစာကို ရေးသားပြီးစီးပြီ ဖြစ်သဖြင့် လက်မှတ်ထိုးကာ လက်နှိပ်စက်ဌာနသို့ ကိုယ်တိုင်သွားရောက် ပို့ထားပြီးလျှင် နားသက်သာခြင်း အလို့ ငှာ လက်ဖက်ရည်ဆိုင်သို့ ထွက်၍ လာခဲ့လေတော့၏။

* * *

ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်ကို ဇိမ်ယူ၍ သောက်ရင်း ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၏ အကြောင်းကို အသေးစိတ် စဉ်းစားမိလေတော့၏။

ဆားပုလင်းနှင်းမောင်ကား အရုပ်အမောင်းကောင်း၏။ ကိုယ်လုံးကိုယ်ထည်မှာ လည်း ဝိတ်တာ ဟု ခေါ်သော ကာယဗလသမားကြီးများကဲ့သို့ ကြည့်မကောင်း ရှုမကောင်းဖြစ်လောက်အောင် တုတ်ခိုင်ခြင်းလည်း မရှိပေ။ သူ၏ အရုပ်နှင့် သူ၏ ကိုယ်လုံးမှာ လွန်စွာ အချိုးကျလှပေသည်
။

အသားရောင်မှာ ဖြူသည် ဟု ဆိုရမည်ထက် ဝါသည် ဟု ဆိုက ပို၍ မှန်ပေမည်။ နဖူးကျယ်ကျယ်၊ မျက်လုံးမျက်ဖန် ကောင်းကောင်း ၊ ခြေတံလက်တံ သွယ်သွယ်ရှိလေ၏။ အထူးသဖြင့် သူ၏ မျက်နှာပြင်မှာ ဗမာပီသခြင်းကို ဖော်ပြလျက် ရှိပေသည် ။ နှုတ်ခမ်းများမှာ လည်း လွန်စွာ စေ့

စပ်ပိရိလှပေရာ၊ ပြောသလိုလုပ်၍ လုပ်သလောက်ကိုသာ ပြောမည့် လူသားမျိုး ဖြစ်ကြောင်းကို သူ၏ နှုတ်ခမ်းများက ဖော်ပြလျက် ရှိပေသည် ။

ဆားပုလင်းနှင်းမောင်၏ အကြောင်းကို ပြောလျှင် ဆားပုလင်းနှင်းမောင်၏ အသံကို ချန်လှပ်ထား၍ မဖြစ်ပေ။ ကျွန်ုပ်အပါအဝင် များ စွာသော သူတို့ ၏ အသံမှာ တိုးချင်တိုးမည်၊ ကျယ်ချင်ကျယ်မည်၊ သို့ရာတွင် ကျွန်ုပ်တို့ အများ စု ကြားနေရသော အသံများမှာ ခပ်ညံ့ညံ့ဆန်ကို မနူးမနပ် ချက်ပြုတ်၍ ထားသော ထမင်းကို စားရသကဲ့သို့ ဖွယ်တက်သည် ။ စိမ်းဇက်ဇက် နိုင်လှပေ၏။

ဆားပုလင်းနှင်းမောင်၏ အသံမှာ ကား ထိုသို့မဟုတ်ဘဲ ပုသိမ်ကျွဲဆန်ကို နူးနပ်၍ ကော့ပျံ့နေအောင် ချက်ပြုတ်ထားသည့် ထမင်း စားလိုက်ရသကဲ့သို့ စီးစီးပိုင်ပိုင် ရှိလှပေ၏။

ကျွန်ုပ် ဆိုလိုသည် မှာ ကျွန်ုပ်တို့ အများ စု ကြားနေရသော အသံများမှာ အသံဩဇာ မရှိသော အသံများ ဖြစ်၍ ၊ ဆားပုလင်းနှင်းမောင်၏ အသံ၌ မူ တစ်စုံတစ်ရာ ထူးခြားသော ဩဇာဓာတ် တစ်မျိုး ပါရှိနေသည် ဟု ဆိုလိုပေသည် ။

ဤသို့ ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ အများ စု၏ အသံသည် နှုတ်ခမ်းဖျားမှ ဖြစ်ပေါ်၍ ဆားပုလင်းနှင်းမောင်၏ အသံမှာ မူ ရင်ခေါင်းအတွင်းမှ ဖြစ်ပေါ်ခြင်းကြောင့် ဟု ကျွန်ုပ် ခန့်မှန်းမိပေသည် ။

ဤကား ကျွန်ုပ် မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၏ ကိုယ်ခန္ဓာနှင့် ပတ်သက်၍ ထူးခြားသော အချက်အလက်များမှ အချို့ကို ဖော်ပြခြင်း ဖြစ်ပေသည် ။

ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်၏ ကိုယ်ခန္ဓာနှင့် ပတ်သက်၍

ကောင်းမြတ်သော အချက် အလက်များကို စဉ်းစားပြီးနောက် သူ၏ အခြားသော အရည်အချင်းများကို စဉ်းစားမိပြန်၏။

ဆားပုလင်းနှင်းမောင်သည် အင်္ဂလိပ်စကားကို အင်္ဂလိပ် တစ်ယောက် ပေး၍ ၎င်း၊ မျက်လုံးပြူး၍ ကြည့်ရလောက်အောင် စကားပြောရာ၌ ဩန်ကရိုဏ်း ကျနသကဲ့သို့၊ ဟိန္ဒူစတန်နီ ကုလားစကား ကိုလည်း ဆရာလောက်နီးနီး ပြောဆိုနိုင်ပေသည် ။

သူသည် လယ်တီဆရာတော် ဘုရားကြီးအား လွန်စွာ ကြည်ညို၍ ၊ လွန်စွာမှ လည်း အားကျသည့် အလျောက် လယ်တီဆရာတော် ဘုရားကြီး ရေးသမျှသော ကျမ်းတို့ ကို မလွတ်တမ်း ဖတ်ရှုလေ့လာခဲ့ရာ မြန်မာစာကို ပြောဆိုရာ၌ ဖြစ်စေ၊ ရေးသားရာ၌ ဖြစ်စေ လွန်စွာ အချိုး ကျလှပေသည် ။

အမှန်စင်စစ်အားဖြင့် ဆားပုလင်းနှင်းမောင်၏ ကြိုးစား ဖြည့်ဆည်း ထားသော အရည်အချင်းများ နှင့် ဗဟု သုတများကို တထိုင်တည်းဖြင့် ဖော်ပြလျှင် ပြည့်စုံနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့ နှင့် တိုက်ရိုက်သက်ဆိုင်သော စုံထောက်ခြင်း အလုပ်၌ ဆားပုလင်းနှင်းမောင် ၏ စွမ်းဆောင်နိုင်ပုံကို သာလျှင် ဖော်ပြ ရပေမည်။ ကျွန်ုပ် သိရသ၍ ...

**ဆားပုလင်းနှင်းမောင် လိုက်ခဲ့ရသောအမှုတို့ ၌ တရားခံ မပေါ်ပေါ် က်သော အမှုဟူ၍ မရှိသကဲ့သို့၊ ဖမ်း၍ မမိသော တရားခံ ဟူ၍ လည်း မရှိခဲ့ပါ။**

ကျွန်ုပ်သည် အထက်ပါ အတိုင်း ဆားပုလင်းနှင်းမောင်နှင့် ပတ်သ က်သော အကြောင်းအရာ များကို လက်ဖက်ရည် သောက်ရင်း စဉ်းစား နေစဉ်၌ပင် ကျွန်ုပ်တို့ စီအိုင်ဒီရုံးမှ ရုံးပြာတာကလေး မောင်ညိုသည်

ကျွန်ုပ်အနီးသို့ ရောက်ရှိ လာပြီးလျှင် "ရှာလိုက်ရတာ ဆရာရယ်၊ ကျွန်တော်ဖြင့် ဖတ်ဖတ်ကို မောနေတာပဲ" ဟု ပြောဆိုညည်းညူလေ၏။

"ဟော့ ... မောင်ညို လိုရင်းကို တိုတို ပြောစမ်းကွာ၊ အပိုတွေပြောမနေနဲ့ " ဟု ကျွန်ုပ်က စိတ်တိုစွာဖြင့် ငေါက်လိုက်ရာ ပြာတာမောင်ညိုက ...

"မင်းကြီးက စီအိုင်ဒီ တစ်ခုလုံးကို ဖြုတ်တော့မယ်" ဟု အစမရှိ အဆုံးမရှိသော စကားကို ပြောပြန်လေ၏။

"ဟော့ကောင် ... တိုတိုပြောစမ်း၊ ဘာကိုဖြုတ်မှာ လဲ၊ ဘာကြောင့် ဖြုတ်မှာ လဲ၊ အိုကွာ ရှုပ်တယ်၊ အခု မင်းလာတာ ဘာကိစ္စလဲ ဒါကိုပဲပြော"

"မင်းကြီး ခေါ်ခိုင်းလို့ ပါ ဆရာ"

"ဟော့ကောင် မသေမခြင်း မှတ်ထား၊ နောက်ကို မင်းကြီးက ခေါ်ခိုင်းရင် လာပြီးခေါ်၊ အပိုတွေ မပြောနဲ့ ၊ မင်းနဲ့ ငါနဲ့ ဂေါ်လီရိုက်ဖက် သူငယ်ချင်းတွေ မဟုတ်ဘူး "

"ဆရာက ကျွန်တော့်ကို နှိမ်တယ်ပေါ့၊ ကျွန်တော်လဲ ဆရာတစ်ယောက်ပါပဲဗျာ"

"မင်းက ဘာဆရာလဲ"

"ကျွန်တော်က ပယောဂဆရာပါ၊ ရုံးချိန်ပြီးရင် ပယောဂကုတယ်၊ ကျွန်တော့်မှာ လဲ တပည့်တပန်းတွေနဲ့ ပါ ဆရာရယ်။ ဒီလိုတော့ မနှိမ်ပါနဲ့ "

ပြာတာမောင်ညိုသည် ပြင်ပ၌ ပယောဂဆရာ လုပ်ကိုင်နေသူဖြစ်ရာ သူလည်း ဆရာတစ်ဦး ဖြစ်သည် ဟု ကျွန်ုပ်အား ပခုံးချင်းယှဉ်၍ ပြောဆိုလိုက်ခြင်းပင် ဖြစ်သည် ။ မကြာခဏ ဆိုသလိုလည်း ရုံး၌ သူသည် ပယောဂ ကုသခဲ့ပုံများ အကြောင်းကို အခြားသော ပြာတာများ ၊ ဒရိုင်ဘာ

များကို ပြောပြလေ့ ရှိ၏။

"ကျုပ်က ဒီမှာ တော့ တပည့်ပေါ့ဗျာ၊ ဒါပေမဲ့ အပြင်မှာ တော့ ဆရာဗျ၊ ကျုပ်မှာ တပည့်တွေ အများကြီး" ဟူ၍ လည်း အချင်းချင်း ဂုဏ်ယူ၍ ပြောဆိုတက်လေသည် ။ တပည့်ဟူသော စကားအား ကျွန်ုပ်တို့ (ဒပဲ့) ဟူ၍ အသံထွက် ပြောဆိုလေ့ ရှိကြသော်လည်း ပြာတာမောင်ညိုကမူ (ဒပြည့်) ဟူ၍ အသံထွက် ပြောဆိုလေရာ ကြားရသူ အပေါင်းသည် ပြုံးစိစိဖြစ်၍ သွားကြမြဲဖြစ်လေ၏။

မောင်ညိုသည် ကျွန်ုပ် တွေ့ဖူးသော ပြာတာများ အနက် အခြောက်တိုက် စိတ်ကြီးဝင်လျက်ရှိသော ပြာတာတစ်ဦး ဖြစ်ပေသည် ။ ထို့ကြောင့် သူ့အား မျက်နှာသာ မပေးဘဲ ခပ်မာမာ ဆက်ဆံရပေသည် ။ သို့မဟုတ်ပါက ကျွန်ုပ်ကိုပင် သူ၏ တပည့်စာရင်း၌ သွင်း၍ ဆက်ဆံမည်လား မဆိုနိုင်ပေ။

ကျွန်ုပ်သည် ပြာတာမောင်ညိုအား မောင်းထုတ်လိုက်ပြီးနောက် လက်ဖက်ရည်ဖိုး ရှင်းကာ မင်းကြီးရုံးခန်းဆီသို့ သွားရောက်ခဲ့လေ၏။ မင်းကြီးရုံးခန်း အတွင်းသို့ ရောက်လျှင် ကျွန်ုပ်သည် လွန်စွာ အံ့အားသင့်၍ သွားလေ၏။ အဘယ့်ကြောင့် ဆိုသော မင်းကြီး၏ ရုံးခန်းအတွင်း၌ ကျွန်ုပ်တို့ စီအိုင်ဒီ၌ ရှိသမျှ စုံထောက်ကြီး၊ စုံထောက်ကလေး၊ စုံထောက် ပိစိကွေး၊ သတင်းပေး၊ သတင်းယူ စသည် တို့ ပါ မကျန်အောင် တန်းစီလျက် မတ်တပ်ရပ်၍ နေကြသည် ကို တွေ့မြင်ရသောကြောင့် ဖြစ်ပါသည် ။

ကျွန်ုပ်လည်း ထိုသူနှင့် အတူ ဝင်ရောက်၍ တန်းစီရလေ၏။ "မောင်မင်းတို့ ရော ကျွန်ုပ်ရော အားလုံးငရဲကို သွားကြရတော့မယ်။ ပြည်မှာ ဖြစ်တဲ့ လူသတ်မှုလည်း ခုထိတရားခံ မပေါ်သေးဘူး။ မြောင်းမြမှာ ဖြစ်

တဲ့ လူသတ်မှု၊ ဓားပြမှုလဲ မပေါ်သေးဘူး။ လမ်းမတော်က အမှုလဲ မပေါ်သေးဘူး၊ ဂါတ်တွေကလည်း ကျွန်ုပ်တို့ စီအိုင်ဒီကိုပဲ အပြစ်လွှဲချနေတယ်။ ပုလိပ်မင်းကြီးဆီကို စီအိုင်ဒီအမှုလိုက်ဆဲ ဆိုပြီး အစီရင်ခံစာတွေ ရေးကြတယ်။ ဝက်လို ပုလိပ်မင်းကြီးကလည်း အသုံးမကျတဲ့ အစီရင်ခံစာတွေ ကိုဖတ်ပြီး ကျွန်ုပ်ခေါင်းကို ခေါက်နေတယ်။ မောင်မင်းတို့ ဗမာသတင်းစာက လူတွေကလည်း ငြိမ်ငြိမ် မနေဘူး။ မျောက်လို လက်ဆော့ကြတယ်။ ကလောင်တံကို ကစားကြတယ်။ ကလောင်တံက ဘယ်လောက် အရေးကြီးတယ် ဆိုတာကို မသိကြဘူး။ အမှုတွေ မပေါ်တာကြာလှပြီ၊ စီအိုင်ဒီ အိပ်ပျော် နေပြီလားလို့ ရေးကြတယ်။ သူတို့ ရေးတာက ကိစ္စမရှိဘူး။ အဲဒီ အဓိပ္ပာယ် မရှိတဲ့ စာတွေကို ဖတ်ပြီး ပုလိပ်မင်းကြီးက ကျွန်ုပ်ကို လည်ပင်းညှစ်နေတယ်။ သူကညှစ်ပြီးတော့ ဂျင်နရယ်ကိုပါ တိုင်တယ်။ ဂျင်နရယ်က အခုပဲ ငါ့ရဲ့ လည်ပင်းကိုညှစ်ပြီ ၊ အဲဒီအထဲမှာ အရေးကြီးဆုံးက အစိုးရ အရာရှိတွေကို လိုက်ပြီးသတ်နေတဲ့ မတစ်ထောင် တစ်ကောင်ဘွား ဆိုတဲ့ ကောင်ကို မိဖို့ အရေးကြီးတယ်။ သည် ကောင်က အရာရှိတွေကို သတ်ပြီး 'လားပင်စင်' ပေးလိုက်ပြီ ဆိုတဲ့ စာကို ရေးသွားလေ့ရှိတယ် ဆိုတာ လူကလေးတို့ အသိပဲ။ သည် ကောင့်ကို မြန်မြန်မိမှ နို့မို့ရင် ကျွန်ုပ်တို့ ဆီကို လာပြီး မောင်မင်းတို့ ကိုရော ကျွန်ုပ်ကိုပါ မတစ်ထောင်တစ်ကောင်ဘွား ဆိုတဲ့ ကောင်က 'လားပင်စင်' ပေးနေလိမ့်ဦးမယ် လူကလေးတို့ ။

ကဲ ... အမှုတွေ ဘယ်တော့ပေါ်မှာ တဲ့ လဲ၊ ပေါ်မယ့် ရက်ကလေး သိပါရစေတဲ့ ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ပေါ်မှာ ပါတဲ့ ။ ကြည့်စမ်း ဘယ်လောက် ဒုက္ခဖြစ်သလဲ၊ ဒီတစ်ခါတော့ ကျွန်ုပ်က ပြောလိုက်မယ် စီအိုင်ဒီ တစ်ခုလုံး ငရဲသွားပြီလို့ " စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် အထက်ပါ အဓိပ္ပာယ် ရသော စကားကို အင်္ဂလိပ်ဘာသာဖြင့်

ပြောဆိုကာ ခေတ္တရပ်လိုက်ပြီးနောက် ကျွန်ုပ်တို့ အား တရားခံများကို ကြည့်ရှုသကဲ့သို့ လွန်စွာ အကြည့်ရဆိုးသော မျက်နှာထားကြီးဖြင့် တစ်ယောက်စီ ကြည့်ရှုလေ၏။ လူစေ့အောင် ကြည့်ရှုပြီးနောက် ...

"သိပ်ပြီး အပြစ်ကင်းတဲ့ လူကလေးတွေ ငြိမ်နေတာပဲ၊ ပြောလေကွာ၊ ဘယ်လိုလုပ်ရမလဲ ဆိုတာ ပြောကြလေ၊ အားလုံး အိပ်ဆေး သောက်ထားကြပြီလား၊ ဟော ... အပုပ်အသိုးကောင်တွေ" ဟု စားပွဲကိုလက်သီးဖြင့် ထု၍ ကြိမ်းမောင်းပြန်၏။

"ဒီအမှုတွေကို တစ်လအတွင်းပေါ်ဖို့ ကျွန်တော်မျိုး တာဝန်ယူပါတယ်"

"ကျွန်တော်မျိုးလည်း တာဝန်ယူပါတယ်"

အင်စပက်တော် ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ သည် ရှေ့ကို တစ်လှမ်းတိုး၍ ရဲဝံ့စွာ အာမခံလိုကလေ၏။ ဦးကိုကိုကြီးက ကျွန်ုပ်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။ သူ၏ မျက်နှာ၌ "ဘယ်လိုလဲ ဒီနှစ်ကောင် အာမခံရဲလှချေလား" ဟူသော အဓိပ္ပာယ်များ ပါရှိလေ၏။

"အသုံးမကျတဲ့ ကောင်တွေ၊ မင်းတို့ ပါးစပ်တွေကို ပိတ်ထားစမ်း၊ မရှက်ဖူးလား၊ ထွေးခံထဲက ကောင်တွေ ... ဒမ်"

မျက်နှာမရ ခြေထောက်ရ ဟူသကဲ့သို့ ဖြစ်၍ နေ၏။ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ က လူစွမ်းကောင်း လုပ်၍ အမှုများအားလုံးကို တစ်လအတွင်း ပေါ်ပေါက်ရပါစေမည်ဟု တာဝန်ခံကြသော်လည်း မစ္စတာ ကရစ်ပင်က သဘောမကျသည့် အပြင် ဆဲဆိုကြိမ်းမောင်း၍ ပင် နေပြန်၏။

"ကျွန်တော်မျိုးတို့ ရဲ့ လုပ်ရည်ကိုင်ရည်ကို ဒီတစ်ခါ ပြပါရစေ သခင်"

"ဟုတ်ပါတယ် သခင်၊ ကျွန်တော်မျိုးတို့ ပြောတဲ့ အတိုင်း ဖြစ်လာရင် သာ ရာထူးတက်ပေးပါ"

ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ လည်း ဆဲနေသည့် ကြားကပင် အထွန့် တက်၍ ပြောဆိုကြပြန်၏။

"အလကားကောင်တွေ မင်းတို့ အရည်အချင်းကို ပြနေတာကြာလှပြီ ၊ ကျွန်ုပ် စီအိုင်ဒီကို စပြီး ရောက်ကတည်းက ဒီစကားကို ပြောနေတာ၊ တစ်ခါမှ လဲ အမှုမပေါ်ခဲ့ဘူး၊ ဟိုကောင် ဝက်လိုကောင် ကလဲ အလုပ် မ လုပ်ရသေးဘူး ရာထူးတက်ဖို့ ပြောနေတယ်။ တက်ပေးမယ် စိတ်ချ၊ ဘု ရားသခင် ရှင်ပြန်ထမြောက်တဲ့ နေ့မှာ မင်းကိုရာထူးတက်ပေးမယ်၊ စီအို င်ဒီဂိတ်ဝက အုတ်တိုင်ကြီးကိုဖက်ပြီး စောင့်နေပေတော့၊ မင်းတို့ အကြံ အစည်ကို ကျွန်ုပ်ကောင်းကောင်း သိပါတယ်၊ တရားခံ မပေါ်သေးတဲ့ အ မှုတွေအတွက် တွေ့ကရာလူတွေကို ဖမ်းဆီးရိုက်နှက်ပြီး ဖြောင့်ချက် လ က်မှတ်ထိုးခိုင်းမယ်၊ အမှုကတခြား တရားခံကတခြား၊ ဒီလိုလုပ်လို့ မရ တော့ဘူးကွ၊ ဒါကြောင့် ပုလိပ်တွေကို အရပ်သားတွေက မုန်းတီးကုန်ကြတာ မောင်မင်းတို့လို မတရားလုပ်ချင်တဲ့ ပုလိပ်တွေကြောင့် လဲ မြန်မာပြည် ပုလိပ်တစ်ဖွဲ့လုံးဟာ ကုလားအုပ် တွေလောက် အရုပ်ဆိုး အကျည်းတန် ကုန်ကြတာ" ဟု ပြောလိုက်ရာ ကိုစိန်လှနှင့် ကိုတင်ဝင်း တို့ လည်း ငြိမ်ကျသွားလေတော့၏။

အမှန်အားဖြင့်လည်း ထိုသူနှစ်ဦး၏ အကြံမှာ မစ္စတာကရစ်ပင် ပြော သကဲ့သို့ပင် တွေ့ကရာလူ ကို ဖမ်းဆီးရိုက်နှက်ပြီးလျှင် တရားခံအဖြစ် တင်ပြကာ တစ်လအတွင်း အမှုပေါင်း မည်မျှ ပေါ်ပေါက်စေခဲ့ သည် ဟူ သော နာမည်ကောင်းယူရန် ဖြစ်ပေသည် ။

"ဟော့ ... ခါးပတ်အရှည်ကြီး ပတ်ပြီး အိပ်ပျော်နေတဲ့ လူဝကြီး၊ မော

င်မင်းကရော အမှုတွေပေါ်အောင် လိုက်ပေးပါ့မယ်လို့ ... ဒီကောင်တွေလို အာမ မခံရဲဘူးလား" ဟု မစ္စတာကရစ်ပင်က ဦးကိုကိုကြီးအား ညွှန်ပြ၍ မေး လိုက်လေ၏။

"ကျနော်မျိုး အာမ မခံနိုင်ပါဘူး သခင်၊ ဒီကိစ္စဟာ ဆားပုလင်းနှင်းမောင် တစ်ဦးတည်းသာ ဖြေရှင်းနိုင်တဲ့ ကိစ္စပါ"

"အိုး ... ဟုတ်ပေ့ကွာ၊ ဆားပုလင်းနှင်းမောင်မှ ပဲ တတ်နိုင်မှာ ဆိုတာ ကျွန်ုပ်လည်း သိပါတယ်။ ဗိုလ်နန်းဝေ အမှုတုန်းကလည်း စုံထောက်မင်းကြီး မစ္စတာရှုပ်တဲဝပ်ဟာ ဒီလိုဘဲ ဖြစ်ခဲ့တာပဲ မဟုတ်လား"

ဗိုလ်နန်းဝေ အမှုဆိုသည် မှာ ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် လိုက်ခဲ့သည့် ပိတုန်းသုံးကောင် အမှုပင် ဖြစ်ပါသည် ။ ထိုအချိန်ကလည်း ရာဇဝတ်မှုများ မှိုလိုပေါက်နေချိန်၌ ဆားပုလင်း နှင်းမောင်အား ခေါ်ယူ၍ အကူအညီ တောင်းခဲ့ရပေသည် ။

(မှတ်ချက် ။။ ထိုအကြောင်းအရာအား ကျွန်ုပ်သည် "ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်" ဟူသောအမည်ဖြင့် ဝတ္ထုရေးသားခဲ့ပြီး ဖြစ်ပေသည် ။

စာရေးသူ)

"လူကလေး မောင်အောင်သင်း၊ မောင်မင်းကော ဘာပြောချင်သေးလဲ" ဟု ကျွန်ုပ် အလှည့်သို့ ရောက်လာပြန်၏။

"ဆားပုလင်းနှင်းမောင် ကိုပဲ ခေါ်ဖို့ ပြောချင်ပါတယ်။ သူကလွဲပြီး တခြားဘယ်သူမှ မတတ်နိုင်ပါဘူး၊ သူ့ကို ဘုရားသခင်က စုံထောက်လုပ်ဖို့ လူ့လောကကို ပေးသနားတော်မူခဲ့တာ ဖြစ်ပါလိမ့်မယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်မင်းကြီးလည်း လွန်စွာ သဘောကျလျက် ...

"ဟုတ်တယ် ... ဟုတ်တယ်၊ သူဟာ ဘုရားသခင်က လက်ဆောင်ဖြ

စ်တယ်"ဟု အားရဝမ်းသာ ပြောဆိုလေ၏။

အင်္ဂလိပ်စကား၌ (ဂစ်ဖ်တက်) ဆိုသည် မှာ ဘုရားသခင်က လူ့လောကသို့ လက်ဆောင်အဖြစ် ပေးအပ်လိုက်သော လူသားဟူ၍ အဓိပ္ပာယ်ရပါသည် ။ တစ်နည်းဆိုရပါမူ ပါရမီရှင်ဟူ၍ ဖြစ်ပေသည် ။

ဒါပေမဲ့ အလွန်ပဲ ဒုက္ခဖြစ်နေတာ ရှိတယ်။ ဆားပုလင်းနှင်းမောင်ကို ကျွန်ုပ် စီအိုင်ဒီကခေါ်ပြီး အသုံးပြုလိုက်ပြီးတာနဲ့ လူဆိုးလူမိုက်တွေပေါ တဲ့ ရွှေဘိုဂါတ်ကို ပြန်ပို့လိုက်နဲ့ လုပ်ခဲ့တာဟာ များ ပြီ၊ ကျွန်ုပ်တို့ ဟာ ဆားပုလင်းနှင်းမောင် အပေါ်မှာ အနိုင်ကျင့်ခဲ့ကြတယ်။ သူက စိတ်မဆိုးဘူးပဲထားဦး၊ ဘုရားသခင်က ကျွန်ုပ်တို့ ကို ခွင့်လွှတ်တော်မူပါ့မလား ဆိုတာ ကျွန်ုပ်စဉ်းစားနေတာ" ဟု စုံထောက်မင်းကြီးက ပြောလိုက်ပြန်၏။ ကျွန်ုပ်သည် လည်း ဆားပုလင်းနှင်းမောင်သည် လူတော်တစ်ယောက် ဖြစ်ပါလျက် ရာထူးတက်ခြင်းမရှိဘဲ နယ်ပို့ခံရခြင်းအတွက် စိတ်မကောင်းဖြစ်ခဲ့ပေသည် ။ သို့ရာတွင် ထိုသို့မဖြစ်စေရန် ကျွန်ုပ်လည်း မတတ်နိုင်ခဲ့သည့် အလျောက် သဗ္ဗေသတ္တာ ကမ္မဿကာ ဟူ၍ သာ သဘောထားရပါသည် ။ ထို့ကြောင့် စုံထောက်မင်းကြီးအား ဘယ်တတ်နိုင်မလဲ သဗ္ဗေဿကာ ကမ္မဿကာ ဟူသော စကားကို အင်္ဂလိပ်လို မပြောတတ်သဖြင့် မပြောရဘဲ ငြိမ်သက်စွာ နေရလေတော့၏။

ထိုအခါ၌ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က ...

" ကျွန်ုပ်လည်း စိတ်မကောင်းပါဘူး၊ ဆားပုလင်းနှင်းမောင်ကို အများကြီးတိုးတက်စေချင်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်လည်း မတတ်နိုင်ဘူး။ ဘာခေါ်မလဲ မောင်မင်းတို့ မြန်မာစကားမှာ အလွန်ပဲ အဓိပ္ပါယ်ရှိတဲ့ စကားတစ်ခုပဲ" ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောဆို၍ အတန်ကြာ စဉ်းစားနေပြီးနောက် ...

"အိုင်ဂတ် ... အိုင်ဂတ်" ဟု အော်ဟစ်ကာ မည်သည့် အချိန်က မည်သူပြော၍ အလွတ်ကျက်မှတ်ထားသည် မသိရသော အောက်ပါစကားကို မြန်မာလို မပီမသနှင့် ပြောဆို လိုက်လေတော့၏။

"သဒူးဝါးတခူ၊ ကန်းတခူ (သတ္တဝါတစ်ခု၊ ကံတစ်ခု)"

ကျွန်ုပ်တို့ အားလုံးသည် ညို၍ ထားသည့် အလား ဝါးခနဲ ရယ်မောကြလေတော့၏။

ထို့နောက် ကျွန်ုပ်တို့ အား ရွှေဘိုဂါတ်သို့ ကြေးနန်းရိုက်၍ ဆားပုလင်းနှင်းမောင်အား ခေါ်ယူမည်ဖြစ်ကြောင်း ပြောဆို၍ သူ၏ အခန်းတွင်းမှ မောင်းထုတ် လိုက်လေတော့၏။

အခန်းပြင်သို့ရောက်လျှင် ဦးကိုကိုကြီးသည် မျက်ရည်များ ထွက်သည့် တိုင်အောင် ဟက်ဟက်ပက်ပက် ရယ်မော၍ ...

"ကိုအောင်သင်းရေ ... မှတ်ထားနော် သူဒူဝါးတခူ၊ ကန်းတခူ တဲ့ဟား ... ဟား၊ တော်တော် လာတဲ့ အင်္ဂလိပ်၊ နောက်ထပ် တစ်နှစ်လောက်သာ မြန်မာပြည်မှာ ဆက်ပြီးနေရင် ကမ္ဘဝါကို ဖောက်ထိုး ဖတ်နိုင်မလား မဆိုနိုင်ဘူးဗျ" ဟူ၍ ပြောလည်း ပြော၍ ရယ်လည်း ရယ်မောလေ၏။

ကျွန်ုပ်တို့ အားလုံး ရယ်မော၍ ထွက်လာကြသည် ကို ကြည့်၍ ပြာတာမောင်ညိုသည် ကျွန်ုပ်ထံသို့ ရောက်ရှိ လာပြီးလျှင် ...

"ဆရာတို့ ဘယ်လို ဖြစ်လာကြတာလဲ၊ ခုနစ်စင်တိုက် လာကြတာလား၊ ရှိသမျှ လူအားလုံး ရယ်မောပြီး ထွက်လာကြတာ၊ ရိုးမှ ရိုးရဲ့ လား" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက ပြာတာမောင်ညိုအား ကြည့်၍ ...

မင်းကလည်း တစ်မျိုးပဲ။ တွေ့သမျှလူ ပယောဂဖြစ်တယ်ချည်း ထင်

နေတော့တာပဲ။ သနားစရာ ကောင်းလိုက်တာ မောင်ညိုရယ်၊ ဟား ... ဟား ... ဟား၊ မင်းလည်း ပဲ သဒ္ဒူဝါးတခူ၊ ကန်းတခူ ပါပဲလားကွာ၊ ဟား ... ဟား ... ဟား" ဟူ၍ ပြာတာမောင်ညိုအား နောက်ပြောင်၍ အားရပါးရ ရယ်မောလေတော့၏။ ကျွန်ုပ်သည် ပင် မနေနိုင်တော့ဘဲ ဝင်ရောက် ရယ်မောလေရာ ပြာတာမောင်ညိုသည် ကျွန်ုပ်တို့ နှစ်ဦးအား အံ့အားသင့်စွာ ကြည့်ရှုလျက် ဆီမန်းမန်းသကဲ့သို့ ပါးစပ်ကို ပွစိပွစိလုပ်လျက် တစ်စုံတစ်ခုသော ဂါတာကို ရွတ်ဆို မန်းမှုတ်နေလေ၏။

"ဟေ့ ... မောင်ညို မန်းမှုတ်မနေနဲ့ ၊ ငါတို့ ရယ်နေတာ မင်းထင်သလို မဟုတ်ဘူး ။ ရယ်စရာ တွေ့လို့ ရယ်နေတာ။ သွားတော့" ဟု ဦးကိုကိုကြီးက မောင်းထုတ်ပစ်လိုက်ရာ ပြာတာမောင်ညိုလည်း ကျွန်ုပ်တို့ အပါးမှ ထွက်သွားလေတော့၏။

* * *

# မျောက်မျက်နှာနှင့် ခေါင်းပြတ်ကြီး

စုံထောက်မင်းကြီးနှင့် တွေ့ပြီး နောက်တစ်ရက် နှစ်ရက်၌ ဦးကိုကိုကြီးသည် ကျွန်ုပ်၏ အခန်းသို့ ရောက်လာပြန်လေ၏။

"ဦးအောင်သင်းရေ ကျုပ်တို့ ဆားပုလင်းနှင်းမောင်တော့ ရွှေဘိုဂါတ်မှာ မရှိတော့ဘူး ဆိုပါလား" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ဟုတ်လား ... ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

"မစ္စတာကရစ်ပင် ပုလိပ်မင်းကြီးရုံးကို တယ်လီဖုန်းဆက်ပြီး မေးနေတာ ကြားရတယ်၊ ပုလိပ်မင်းကြီးရုံး ကလည်း ဆားပုလင်းနှင်းမောင် ဘယ်ရောက်နေမှန်းမသိလို့ ချက်ချင်းအဖြေ မပေးနိုင်ဘူး၊ အဲဒါကို ကျုပ်တို့ မင်းကြီးက ဘယ်ကမှန်း မသိတဲ့ လူသတ်မှုတရားခံကို ရှာမပေးနိုင်လို့ ပုလိပ်မင်းကြီးက ကျွန်ုပ်ကို ကြိမ်းမောင်းတယ်။ အခုကြည့်စမ်း ပုလိပ်အဖွဲ့က ဒါလောက်တောင် နာမည်ကြီးနေတဲ့ စုံထောက်တစ်ယောက်ကို မေးတော့ ဘယ်မြို့ ဘယ်ဂါတ်ကို ရောက်နေမှန်းတောင် မပြောနိုင်ကြဘူး မဟုတ်လားလို့ ပုလိပ်မင်းကြီးရုံးက လူတွေကို လှမ်းပြီး ဆူနေတာကို ကြားခဲ့ရတယ်ဗျ"

"အဲဒါ ဘယ်လိုလုပ်မလဲ ဦးကိုကိုကြီး"

"ဘယ်တတ်နိုင်ပါ့မလဲ ဦးအောင်သင်း။ သဒ္ဒူဝါးတခူ၊ ကန်းတခူပေါ့ဗျာ"

"ခင်ဗျားကလည်း အရေးထဲ နောက်နေပြန်ပြီ"

ကျွန်ုပ်တို့ ပြောဆိုနေကြစဉ် ကျွန်ုပ်တို့ ထံသို့ ကိုစိန်လှနှင့် ကိုတင်ဝင်း ရောက်ရှိလာပြန်ကာ ကျွန်ုပ်တို့ အား ...

"ခင်ဗျားတို့ သိပ်ပြီး အားကိုးနေတဲ့ ဆားပုလင်းနှင်းမောင် မရှိတော့ဘူး။ ဘယ်လူဆိုးက သတ်သွားပြီလဲ မဆိုနိုင်ဘူး။ ဗမာပြည် တစ်ပြည်လုံးမှာ ရှိတဲ့ ဂါတ်တွေလဲ နှံ့နေပြီ၊ ပုလိပ်ရုံးကြီးက သံကြိုး ရိုက်ပြီးမေးနေတာ "ဘယ်ဂါတ်မှာ မှ မတွေ့ရသေးဘူး" ဟု ကိုစိန်လှကပြောလျှင် ကိုတင်ဝင်းကလည်း အားကျမခံ ... "

"ဆားပုလင်းနှင်းမောင် တော်တယ်၊ မတော်ဘူးဆိုတာ ဒီဥစ္စာက အဖြေပဲဗျာ၊ စုံထောက်ဆိုတာ လူဆိုးထက် အမြဲသာ နေရမယ် မဟုတ်လား၊ အခုတော့ လူဆိုးက အစရှာလို့ မရအောင် ဖျောက်ဖျက်ပစ်လိုက်ပြီလေ၊ ဆားပုလင်းနှင်းမောင် ဇာတ်သိမ်းသွားပြီပေါ့" ဟု ကိုယ့်ထက်သာ မနာလို ဆိုသကဲ့သို့ ဆားပုလင်းနှင်းမောင်အပေါ်၌ မနာလိုစိတ်များ ရှိသည့် အလျောက် မြူး၍ မနေနိုင်တော့ဘဲ ပွင့်ထွက်လာ လေတော့၏။

ကျွန်ုပ်လည်း ထိုလူယုတ်မာနှစ်ဦးကို စကားမပြောလိုသည် နှင့် ငြိမ်၍ နေလေ၏။ ဦးကိုကိုကြီးကမူ အခန်းအပြင်ဘက်သို့ ထွက်သွားပြီးလျှင် ပြာတာမောင်ညိုအား ခေါ်ယူ၍ ...

"လာစမ်းပါဦး ... မောင်ညိုရ၊ ဟောဒီနှစ်ယောက်မှာ မကောင်းတဲ့အစွဲတွေရှိတယ်၊ မင်းရဲ့ ပယောဂ အတတ်ပညာနဲ့ ထုတ်ပေးစမ်းပါဦး" ဟု နောက်ပြောင်လိုက်ရာ ပြာတာမောင်ညိုလည်း အမှန်တကယ်ဟု ထင်မှတ်ကာ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ အနီးသို့ကပ်သွားပြီးလျှင် မန်းမှုတ်လေရာ ကိုတင်ဝင်းက ရှက်လည်း ရှက် ဒေါသလည်း ဖြစ်၍ ပြာတာ

မောင်ညို၏ ပါးကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်၍ "သွားစမ်း" ဟု မောင်းထုတ် လိုက်လေတော့သည် ။

ပြာတာမောင်ညိုကလည်း ဦးကိုကိုကြီးထံသို့ သွား၍ "မရဘူး ဆရာရေ့၊ ဒီတိုင်းကု လို့ တော့ မရဘူး၊ ပယောဂ တော်တော် ကြီးပုံရတယ်၊ ကန်တော့ပွဲထိုးပြီး ကုမှ ဖြစ်လိမ့်မယ်" ဟု ဆိုလိုက်ရာ ဦးကိုကိုကြီးက သူ၏ ဗိုက်ကြီးကို နှိပ်၍ ဟက်ဟက်ပက်ပက် ရယ်မောကာ "မောင်ညို - မောင်ညို၊ မင်း ဟာလေ - အောက်ကလည်း နေသေးရဲ့ ၊ ဟရီးလည်း မလျှော့ဘူး ဆိုတာလို ကောင်မျိုး ...၊ ဟား ... ဟား ... မင်းလည်း သဒ္ဒူဝါးတခူ၊ ကန်းတခူပေ့ါလေ" ဟု ပြောဆို လိုက်လေ၏။

များ မကြာမီ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား မင်းကြီးက ခေါ်ယူသဖြင့် ကျွန်ုပ်တို့ သည် မင်းကြီးထံ သွားရောက်ခဲ့ကြလေ၏။ မင်းကြီးလည်း ကျွန်ုပ်တို့ နှစ်ယောက်အား တွေ့လျှင်တွေ့ချင်း ...

"တခြားအမှုတွေ အသာထားပြီး ဆားပုလင်းနှင်းမောင် ပျောက်ဆုံးမှုကို အရင်ဆုံး အလုပ် လုပ်ရမလို ဖြစ်နေပြီ လူကလေးတို့ " ဟု အစချီ လိုက်လေ၏။

"ဘယ်လိုဖြစ်တာလဲ သခင်" ဟု ဦးကိုကိုကြီးက မရဲတရဲနှင့် မေး လိုက်လေ၏။

"ဆားပုလင်းနှင်းမောင်ဟာ ရွှေဘိုဂါတ်က အက်စ်အိုင်ပီကို ရှိရှိသေသေ မဆက်ဆံလို့ ဆိုပြီး၊ မုံရွာဂါတ်ကို ပို့လိုက်တယ်၊ မုံရွာဂါတ်မှာ တခါပုလိပ်အင်စပက်တော်နဲ့ စကားများ လို့ မန္တလေးကိုပို့တယ်၊ မန္တလေးမှာ တင်ပဲ ဂါတ်သုံးခု အပြောင်းခံရတယ်။ မန္တလေးဂါတ်ကနေ ရေနံချောင်း၊ ရေနံချောင်းကနေ မကွေး၊ မကွေးကနေ သာယာဝတီဂါတ်ကို ပြောင်းလိုက်တာ တစ်ပတ်ရှိသွားပြီ။ မကွေးဂါတ်မှာ လည်း မရှိတော့ဘူး။ သာယာ

ဝတီဂါတ်ကိုလဲ မရောက်ဘဲ ကြားထဲမှာ ပျောက်နေတယ်" ဟု မင်းကြီး က ပြောပြလေ၏။

ကျွန်ုပ်သည် လွန်စွာ စိတ်မကောင်း ဖြစ်၍ သွားလေ၏။ တစ်နှစ် ကျော်ကျော် ကလေးအတွင်း၌ ပြောင်းခဲ့ရသည့် ဂါတ်တွေကလည်း မန ည်းရှာတော့ပေ။ အမှန်စင်စစ် ထိုဂါတ်များ ၌ လည်း ဆားပုလင်းနှင်း မောင်သည် စွမ်းစွမ်းတမံ လုပ်ကိုင် ဆောင်ရွက်ပေးခဲ့မည်မှာ သေချာပေ သည် ။ သို့ရာတွင် ဦးကိုကိုကြီး မဟုတ်ခြင်းကြောင့် အမြင်ကတ်ကာ ပြောင်းပစ်စေခဲ့ခြင်း သာလျှင် ဖြစ်ပေမည်။

သူတစ်ပါး ဒုက္ခရောက်လျှင် ကူညီတတ်သော၊ သူတပါး အန္တရာယ်န င့် တွေ့လျှင် ကယ်ဆယ်တတ်သော၊ သူတစ်ပါး ပျောက်ဆုံးလျှင် ရှာပေး တတ်သော ဆားပုလင်းနှင်းမောင်သည် ယခုအခါ၌ သူကိုယ်တိုင် ပျော က်ဆုံး၍ နေပေပြီ။ သူကိုယ်တိုင် အန္တရာယ်နှင့် ရင်ဆိုင်နေရ ရှာပေပြီ။ တစ်စုံတစ်ရာသော လူဆိုးဂိုဏ်းသည် သူ့အား မကွေးဂါတ်မှ သာယာဝ တီဂါတ်သို့ အပြောင်းတွင် ကြားမှ ဖြတ်၍ ဖမ်းဆီးသွားပေပြီ။

ဆားပုလင်းနှင်းမောင် ကိုယ်တိုင် ဒုက္ခရောက်သည့် အခါ၌ ကယ်မ ည့် သူ မရှိတော့ပေ။ **တောင်ဝှေးလဲတော့ ဖိုးသူတော်ထူနိုင်၊ ဖိုးသူတော် လဲတော့ တောင်ဝှေးမထူနိုင်** ဟူသော စကားသည် ယခုအခါ၌ မှန်ကန် ၍ နေ၏။

သူတပါး ဒုက္ခရောက်လျှင် ဆားပုလင်းနှင်းမောင် ကကယ်သည် ။ ဆားပုလင်းနှင်းမောင်သည် ယခုအခါ၌ အမှန်တကယ် ဒုက္ခ ရောက်နေ ပေပြီ။ ထိုအခါ၌ ကယ်မည့် သူလည်း မရှိ၊ ကယ်မည့် သူ ထားဘိဦး၊ ပျောက်ဆုံးနေသည် ကိုပင် သတိပြုမိခြင်း မရှိကြပေ။ ထိုအဖြစ်ကို တွေး မိပြီးလျှင် ကျွန်ုပ်သည် လွန်စွာ ဝမ်းနည်းမိလေတော့၏။

ဆားပုလင်းနှင်းမောင်လို လူမျိုး ကျွန်ုပ်တို့ မြန်မာပြည် ပုလိပ်အဖွဲ့တွင် အစားထိုးရန်အတွက် တစ်ယောက်တလေမှ ပင် ကျွန်ုပ်တော့ဖြင့် မမြင်ဖူး မတွေ့ဖူးပါ။ ထို့ကြောင့် ပုလိပ်အဖွဲ့တွေ အတွက်ပါ နှမြောမိသေး၏။

"အဲဒါ ဘယ်လို လုပ်ကြမလဲ သခင်" ဟု ကျွန်ုပ်က မေးမြန်းလိုက်ရာ မစ္စတာကရစ်ပင်က ...

"ကျွန်ုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာ လူကလေး" ဟု ပြန်၍ ဖြေလိုက်သဖြင့် ကျွန်ုပ်လည်း လွန်စွာစိတ်ပျက်အားငယ်၍ သွားလေတော့၏။

ထိုအချိန်၌ တယ်လီဖုန်း လာသဖြင့် မစ္စတာကရစ်ပင်က ကောက်ယူနားထောင်လိုက်ပြီးနောက် ...

"အေး ... ဟုတ်တယ်၊ စီအိုင်ဒီ တစ်ခုလုံး အိပ်နေတာ မဟုတ်ဘူး ကွ၊ ငရဲကို ရောက်နေတာ၊ ခင်ဗျားတို့ က ပြောတော့ လွယ်လွယ်ကလေး၊ ကျွန်ုပ်တို့ အဖို့ လုပ်ရတာ ဘယ်လောက် ခက်တယ် ထင်သလဲ။ ပြီးတော့ ကျွန်ုပ်တို့ စီအိုင်ဒီမှာ အလွန်အသုံးဝင်တဲ့ ဆားပုလင်းနှင်းမောင်ကို ရှာလို့ မရတော့ဘူး။ ဒီမှာ မစ္စတာ ... ခင်ဗျားသိထားစေချင်တာ ကတော့ ခင်ဗျားလည်း လန်ဒန်ကလာတာပဲ၊ ကျုပ်လည်း လန်ဒန်က လာတာပဲ။ ပြီးတော့ ခင်ဗျားလည်း မင်းကြီး၊ ကျုပ်လည်း မင်းကြီးပဲ၊ ဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်ုပ် ပြောချင်တာကတော့ ခင်ဗျားတို့ ကျုပ်တို့ ဟာ မြန်မာလူမျိုးတွေကို ဆက်ဆံချင်သလို ဆက်ဆံလို့ ရမယ် ထင်နေတယ်။ အဲဒါ သိပ်ပြီးမှားတယ်။ ဆားပုလင်းနှင်းမောင်လို မြန်မာလူမျိုးကျတော့ ကျွန်ုပ်တို့ ခင်ဗျားတို့ မျက်နှာဖြူတွေ လိုက်လို့ မမီအောင် ထက်မြက်နေတယ်။ ရှေ့ကိုရောက်နေတယ် မစ္စတာစတီးဝပ်" ဟု ရှည်လျားစွာ ပြော

ဆို၍ တယ်လီဖုန်းကို ဒေါသကြီးစွာဖြင့် ချပစ် လိုက်လေတော့၏။

မစ္စတာကရစ်ပင်လည်း ကျွန်ုပ်တို့ နှင့် ဆားပုလင်းနှင်းမောင် အား ရှာဖွေရန် နည်းလမ်းကို ဆက်လက် ပြောဆိုနေလေ၏။ ထိုသို့ ပြောဆို နေစဉ်၌ပင် တယ်လီဖုန်း ခေါင်းလောင်းမြည်၍ လာပြန်လေ၏။ မစ္စတာ ကရစ်ပင်လည်း တယ်လီဖုန်းအား ရန်လိုသော မျက်လုံးဖြင့် လှမ်း၍ ကြ ည့်လိုက်ပြီးလျှင် ...

"ကျေးဇူးပြုပြီး တယ်လီဖုန်းကို ကျွန်ုပ်ကိုယ်စား နားထောင်လိုက်စ မ်းပါ လူကလေး။ ကျွန်ုပ် ကိုယ်တိုင် နားထောင်ရရင် တယ်လီဖုန်းခွက် ကို အမှုန့်ဖြစ်သွားအောင် ကြိတ်ပစ်မိပါလိမ့်မယ်" ဟု ကျွန်ုပ်အား ပြော သဖြင့် ကျွန်ုပ်လည်း တယ်လီဖုန်းခွက်ကို ကောက်ယူ၍ နားထောင်မိရာ မျက်လုံးပြူး၍ သွားလေတော့၏။

အဘယ့်ကြောင့် ဆိုသော် စဥ့်အိုးတန်း ဆိပ်ကမ်း၌ ဆိုက်ကပ်လျက်ရှိ သော 'တိမ်ဦးမောင်' ဟူသော သင်္ဘောပေါ်၌ လူသတ်မှု ဖြစ်ပွားခဲ့ကြော င်း၊ အမှုမှာ သပွတ်အူ ကဲ့သို့ ရှုပ်၍ စာကလေးသိုက်ကဲ့သို့ ပွလျက်ရှိသော ကြောင့် သက်ဆိုင်ရာ ဂါတ်အနေနှင့် ထိုအမှုကို ဆောင်ရွက်နိုင်ရန် အ လားအလာ မရှိသောကြောင့် စီအိုင်ဒီမှ လာရောက် ကြည့်ရှုရန် အတွက် ဘုန်းကြီးလမ်းဂါတ်မှ ကုလားကပြား ရာဇဝတ်အုပ်တစ်ဦးက မင်းကြီး ထံသို့ တယ်လီဖုန်းဖြင့် အစီရင်ခံနေသောကြောင့် ဖြစ်၏။

ကျွန်ုပ်လည်း တယ်လီဖုန်းကို ချလိုက်ပြီးနောက် မစ္စတာကရစ်ပင် အား ပြန်၍ ပြောပြရာ မစ္စတာကရစ်ပင်၏ မျက်နှာကြီး နီရဲလာလျက် ပြီးလျှင် ...

"သတ်ကြ ... သတ်ကြ။ မောင်မင်းတို့ မြန်မာတွေ တစ်ယောက်ကို တစ်ယောက် သတ်နေကြတော့၊ ဘာမှ မလုပ်ကြနဲ့ တော့၊ လူဦးရေ (၁၆)

သန်းစလုံး ကုန်သွားအောင် သတ်နေကြ" ဟု ပြောဆို လိုက်လေတော့၏ ။

မစ္စတာကရစ်ပင်သည် အခန်းတွင်း၌ သုံးလေးခေါက်မျှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြီးနောက် ယခင်တစ်ခါ ကဲ့သို့ပင် စီအိုင်ဒီရှိ စုံထောက်ကြီး၊ စုံထောက်ကလေး၊ စုံထောက် ပိစိကွေးနှင့် သတင်းပေး သတင်းယူ တို့ ကို ပါမကျန် ခေါ်ယူလျက် တန်းစီစေပြီးလျှင် ...

"မောင်မင်းတို့ အမှုတွေပေါ်အောင် မလုပ်နိုင်တော့ဘူးလား၊ အခုကြည့်စမ်း။ အရင်အမှုတွေက မပြီးသေးဘူး၊ နောက်တစ်မှု ပေါ်လာပြန်ပြီ။ တိမ်ဦးမောင် သင်္ဘောပေါ်မှာ လူသတ်မှု ဖြစ်ပြန်ပြီတဲ့ ၊ ဘယ်လိုလုပ်ကြမလဲ"ဟု အော်ဟစ်၍ ပြောလေတော့၏။ မစ္စတာကရစ်ပင်သည် အတန်ကြာသည် အထိ ဆက်လက် ပြောဆိုခြင်း မပြုဘဲ လူတစ်ဦးစီ၏ မျက်နှာကို လျှောက်၍ ကြည့်ပြန်၏။ ကျေနပ်လောက်အောင် ကြည့်ပြီးနောက် ...

"ဟော့ ... လူကလေးတို့ အရင်အ မှုဟောင်းတွေလည်း ပေါ်အောင်လုပ်ကြပါ။ နောက်ဆုံးပေါ်ပေါက်ခဲ့တဲ့ တိမ်ဦးမောင် သင်္ဘောပေါ်က အမှုကိုလည်း ပေါ်အောင်လုပ်ကြပါ" ဟု ပြောလေ၏။

ထိုအခါ၌ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ က လူစွာလုပ်၍ ...

"စိတ်ချပါသခင်" ဟု ပြိုင်တူပြော လိုက်လေ၏။

"အမှုဟောင်းသုံးခုကို အရင်ဆုံးပေါ်အောင် ကြိုးစားပါ"

"စိတ်ချပါသခင်" ဟု ပြိုင်တူ ပြောလိုက်ကြပြန်၏။

"အမှုဟောင်းသုံးခုကို ဘယ်တော့လောက် ဖော်နိုင်မှာ လဲ"

"တစ်လအတွင်း ပေါ်ရစေ့မယ် သခင်" ဟု ပြိုင်တူ ဖြေကြပြန်၏။

"ဟောဒီမှာ တရားခံတစ်ယောက်"

အထက်ပါ အသံကြောင့် ကျွန်ုပ်တို့ အားလုံးသည် အခန်းဝဆီသို့ လှည့်၍ ကြည့်မိကြလေတော့၏။

မြောက်ပြင်လုံချည် နွမ်းနွမ်း၊ ဖလေဇာ ကုတ်အင်္ကျီပွပွတို့ ကို ဝတ်ဆင်လျက် ကျားပါးစပ်ဖိနပ်ကို စီးကာ ဖျင်ကြမ်းလွယ်အိတ်ကြီး တစ်လုံးကို လွယ်လျက် ခန့်ညားစွာရပ်လျက်ရှိသော ကျွန်ုပ်တို့ ၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရလေတော့၏။

သူနှင့် အတူ လူတစ်ယောက်လည်း ပါ၍ လာလေ၏။ ထိုသူအား လက်ပြန်ကြိုးများ ချည်နှောင်၍ ထားပေသည် ။ ဆားပုလင်းနှင်းမောင်သည် ထိုသူအား ရှေ့သို့တွန်း၍ ပို့လိုက်ပြီးလျှင်...

"မြောင်းမြမှာ ဖြစ်ပွားတဲ့ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှုတွေရဲ့ တရားခံဟာ သူပဲ၊ သူ့ နာမည် လှမြင့်လို့ ခေါ်တယ်" ဟု ဆို၍ ကုတ်အင်္ကျီ အတွင်းမှ စာရွက်နှစ်ရွက်ကို ထုတ်ယူကာ မင်းကြီး၏ စားပွဲပေါ်သို့ ပစ်၍ တင်လိုက်ပြန်၏။

"ပြည်မှာ ဖြစ်ခဲ့တဲ့ လူသတ်မှုနဲ့ လမ်းမတော် လူသတ်မှုတွေက တရားခံတွေလည်း ဖမ်းပြီး သက်ဆိုင်ရာ ဂါတ်တွေမှာ အပ်ခဲ့ပြီ၊ အဲဒါတရားခံ အပ်ခဲ့တဲ့ စာရွက်တွေပဲ၊ အမှုဟောင်းတွေ အတွက်တော့ မစဉ်းစားနဲ့ တော့၊ ကျုပ်လုပ်လာခဲ့ပြီးပြီ" ဟု ဆိုလိုက်ရာ ကျွန်ုပ်တို့ သာလျှင် မဟုတ်ဘဲ မစ္စတာကရစ်ပင် သည် ပင်လျှင် အံ့ဩလွန်း၍ ပါးစပ်ဟ သွားလေတော့၏။

ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ သည် ဆားပုလင်းနှင်းမောင်အား မလိုမု

န်းထားသော မျက်နှာနှင့် ကြည့်ရှုကာ အံကြိတ်၍ နေကြကုန်၏။

"ကျွန်ုပ် အိပ်မက်များ မက်နေသလား ဆားပုလင်းနှင်းမောင်" ဟု မစ္စတာကရစ်ပင်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က မခိုးမခန့် ရယ်မောလိုက်ပြီးလျှင် ရေခဲတောင်တံဆိပ် စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျား၌ တေ့လျက်၊ မီးခြစ်ကို ခြစ်လိုက်ပြီးလျှင် မီးတောက်အား ခပ်စွေစွေကြည့်ကာ မီးညှိလိုက်ပြန်၏။ ဆားပုလင်းနှင်းမောင် စီးကရက်သောက်ပုံ၊ စီးကရက် မီးညှိပုံတို့ မှာ တမင်တကာ လုပ်သည် မဟုတ်ပါဘဲလျက်၊ တစ်မျိုးတစ်ဖုံ ကြည့်၍ ကောင်းလှပေ၏။

စီးကရက်ကို တဖွာနှစ်ဖွာခန့် ရှိုက်ဖွာပြီးနောက် ဆားပုလင်းနှင်းမောင်က ...

"မစ္စတာကရစ်ပင်ရယ် ဘာမဟုတ်တဲ့ အမှုကလေး သုံးမူလောက်များ စာဖွဲ့လို့ ဗျာ၊ အဲဒီတရားခံတွေကို ကျုပ်ဖမ်းခဲ့တာရော၊ တရားခံတွေ ဘယ်သူဘယ်ဝါ ဖြစ်လိမ့်မယ်ဆိုတာကို စဉ်းစားတာရောမှ စုစုပေါင်း သုံးနာရီပဲ ကြာတယ်" ဟု ပြောလိုက်တာ ကိုစိန်လှက လွန်စွာ ခံပြင်းလျက်ရှိသော လေသံဖြင့် ...

"ဒီမှာ ဆားပုလင်းနှင်းမောင်၊ ဒါကတော့ ကျုပ်တို့ ကို သက်သက် စော်ကားတာပဲ။ ကျုပ်ဟာ မြောင်းမြက အမှုကို လိုက်တဲ့ သူ ဖြစ်တယ်၊ မြောင်းမြသွားပြီး ဖြစ်ပွားပုံ အသေးစိတ်ကို ရေးသားလာခဲ့တယ် အခင်းဖြစ်ပွားတဲ့ နေရာတွေကိုလဲ ဓာတ်ပုံရိုက်ပြီး ယူခဲ့တယ်။ ဒီအမှုဟာ ခင်ဗျားပြောသလောက် မလွယ်ပါဘူး" ဟု ပြောလေ၏။

"ဟုတ်ပါတယ် ကိုစိန်လှ၊ အဲဒီ အမှု အကြောင်း သတင်းစာမှာ ပါလာပြီးတဲ့ နေ့မှာ ပဲ ကျုပ်ဟာ ပုလိပ်ရုံးကြီးက မောင်နီလို့ ခေါ်တဲ့ ရုံးက

ဒီစပက်စာရေး ဆီကို စာရေးပြီး ဒီအမှုကို ဘယ်သူလိုက်တယ်၊ ဘယ်လို အစီရင်ခံစာတွေ တက်နေတယ် ဆိုတာ စာနဲ့ လှမ်းပြီး မေးခဲ့တယ်။ အဲဒီတော့ မောင်နီက ခင်ဗျားရေးသားတဲ့ စာတွေ၊ ဓာတ်ပုံတွေကို ကူးပြီးကျူပ်ဆီကို ပို့ပေးခဲ့တယ်။ အဲဒါတွေကိုဖတ်ပြီး တရားခံ ဘယ်သူလဲဆိုတာကို ကျူပ်စဉ်းစားခဲ့တာပါ။ ပဟေဠိဖြေတဲ့ သဘောနဲ့ အပျင်းပြေ စဉ်းစားကြည့်ခဲ့တာပေါ့။ တရားခံကိုသိလို့ ဖမ်းဖို့ ကလည် လွယ်ပါတယ် ။ တရားခံနဲ့ အဆက်အသွယ်ရှိတဲ့ မောင်သင်းဆိုတဲ့ လူအနေနဲ့ သံကြိုးရိုက်ခေါ်ပြီး သင်္ဘောဆိပ်မှာ စောင့်ဖမ်းခဲ့တာပဲ၊ လမ်းမတော်က အမှုလည်း ဒီလိုပဲ၊ ပြည်က အမှုလည်း ဒီလိုပါပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြော လိုက်လေ၏။ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ လည်း ငြိမ်၍ သွားကြလေ၏။

"ကျွန်ုပ်က ဆားပုလင်းနှင်းမောင် တစ်ခါတည်း ပျောက်ဆုံးသွားပြီ မှတ်နေတာ" ဟု မစ္စတာ ကရစ်ပင်က ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က ပြုံးလျက် ...

"ဟုတ်ပါတယ် မစ္စတာကရစ်ပင်၊ ဆားပုလင်းနှင်းမောင်ကို အစပျောက် သွားစေချင်တဲ့ လူတွေက မနည်းပါဘူး။ ဒါပေမဲ့ ဆားပုလင်းနှင်းမောင်ဟာ ဘယ်တော့မှ အစပျောက် မသွားနိုင်ပါဘူး။ ဘာကြောင့် လဲဆိုတော့ ကျူပ်ဟာ လူတွေရဲ့ အကျိုးကို ဆောင်ရွက်နေတဲ့ သူ ဖြစ်တယ်။ လူတွေဟာ ကျူပ်ဘက်မှာ ရှိတယ်"

"ဟုတ်ပါတယ် ဆားပုလင်းနှင်းမောင်၊ ပုလိပ်မင်းကြီးဟာ စီအိုင်ဒီကို အလွန်ပဲ အထင်သေးနေပါတယ်။ ပြီးတော့ ဗမာစုံထောက်တွေကိုလဲ အလွန်ပဲ နှိမ့်ချနေပါတယ်။ အဲသည် ထက် အရေးကြီးတာကတော့ ကျူပ်တို့ ဗြိတိသျှအစိုးရဟာ မတစ်ထောင်တစ်ကောင်ဘွား ဆိုတဲ့ သူကို အလွ

န်ပဲ ကြောက်လန့်နေပါပြီ၊ အရာရှိတွေကိုသတ်ပြီး မတစ်ထောင်တစ်ကောင်ဘွား ဆိုတဲ့ စာကို ရေးလေ့ရှိတဲ့ လူဆိုးကြီးကို အမြန်ဆုံးဖမ်းဆီးပေးဖို့ ပုလိပ်ဂျင်နရယ်ရော၊ ပုလိပ်မင်းကြီးတွေကပါ ကျုပ်ကိုနားပူနေကြပြီ၊ ဒီတော့ ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုး ပုလိပ်မင်းကြီးကို တစ်ဆိတ်လောက် ဆားပုလင်းနှင်းမောင်ရဲ့ အစွမ်းကို ထင်ထင်ရှားရှား မြင်သွားအောင် ပြလိုက်စမ်းပါ။ အဲသည် မတစ်ထောင်တစ်ကောင်ဘွား ဆိုတဲ့ လူ အကြောင်းလည်း ကြားပြီးပြီ မဟုတ်လား မစ္စတာနှင်းမောင်" ဟု မင်းကြီးမစ္စတာကရစ်ပင်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် ...

"မတစ်ထောင် တစ်ကောင်ဘွားကို ကျုပ်ကိုယ်တိုင် ဖမ်းပေးပါ့မယ်" မခိုးမခန့်ပြုံးလျက် ပြော လိုက်လေတော့၏။

များ မကြာမီအချိန်၌ ကျွန်ုပ်တို့ သည် စဥ့်အိုးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်လျက်ရှိသော တိမ်ဦးမောင် ဟူသည့် သင်္ဘောပေါ်သို့ ရောက်ရှိကြလေတော့၏။ သင်္ဘောဦးပိုင်း အပေါ်ထပ်ရှိ သီးသန့်အခန်း အတွင်းသို့ သင်္ဘောဆလင်ကြီးနှင့် သင်္ဘောစာရေးက ကျွန်ုပ်တို့ အား ရှေ့ဆောင်၍ ခေါ်ယူသွားလေ၏။

ဘုန်းကြီးလမ်းထိပ်မှ ကုလားကပြား ရာဇဝတ်အုပ် တစ်ယောက်ကလည်း ကုလားသံပါသော အင်္ဂလိပ်စကားဖြင့် ကျွန်ုပ်တို့ အား ပြောဆိုနှုတ်ဆက်လေတော့၏။

ကျွန်ုပ်၊ ဦးကိုကိုကြီး၊ ကိုစိန်လှ၊ ကိုတင်ဝင်းတို့ သည် အခန်းတွင်းသို့ ဝင်ရောက်ကာ ကြည့်ရှုလေ့လာကြလေ၏။ ခုတင်ပေါ်မှ လူတစ်ယောက်သည် ဓားတန်းလန်းနှင့် အသက်ကုန်၍ နေလေ၏။ ဓားမှာ ခြုံထားသော စောင်ကိုဖောက်၍ စိုက်နေသည့် ကို တွေ့မြင်ရသောကြောင့် စော

င်ခြုံလျက် အိပ်ပျော်နေစဉ် လူသတ်သမားက စောင်ပေါ်မှ ဓားဖြင့် ထိုးချလိုက်ခြင်း ဖြစ်ကြောင်း သိသာလှပေသည် ။

သို့ရာတွင် ခြုံထားသောစောင်မှာ ရင်ဘတ်အထိသာလျှင် ဖြစ်၏။ မျက်နှာမှာ မူ စောင်အုပ်ထားခြင်းမရှိပေ။

"စောင်ခြုံပြီး အိပ်ပျော်နေတုန်း ဓားနဲ့ ထိုးသွားတာဗျို့" ဟု ကိုစိန်လှက ပြောလိုက်လျှင် ကိုတင်ဝင်းကလည်း ...

"အစစ်ပေ့ါဗျာ" ဟု ထောက်ခံလေ၏။

ကျွန်ုပ်တို့ သည် အခြားသော ခုတင်ပေါ်၌ တင်ထားသည့် သားရေသေတ္တာကို သက်သေများ ရှေ့မှောက်၌ ဖွင့်လှစ်ကြပြန်ရာ သေတ္တာအတွင်းမှ သေသပ်လှပစွာ ထုပ်၍ ထားသော စက္ကူထုပ် (၆) ထုပ် ထွက်၍ လာလေ၏။ စက္ကူထုပ်များမှာ စင်မင်းပို့ခေါ် တရုတ်သတင်းစာ စက္ကူဖြင့် ထုတ်ထားသော အထုပ်များ ဖြစ်ပေသည် ။

"ဘိန်းထုပ်တွေနဲ့ တူတယ်ဗျို့" ဟု မည်သည့် အချိန်က ရောက်ရှိလျက်ရှိသည် ဟု မသိရသော စုံထောက်အောင်မြင့်က အထက်ပါအတိုင်း သူ၏ အသံပြာပြာကလေးဖြင့် ဝင်ရောက်ပြောဆို လိုက်လေ၏။

"သြော် ... မနဲ့လေးလည်း ရောက်နေပြီကိုး" ဟု ဦးကိုကိုကြီးက နောက်ပြောင် လိုက်လေ၏။

ကျွန်ုပ်တို့ သည် အထုပ်များ ၏ သတင်းစာ စက္ကူပတ်များကို ဖြေ၍ ကြည့်ရာ အတွင်း၌ ဆေးရုံများ တွင် အသုံးပြုသော ဂေါ်စ်ခေါ် ပိတ်စိမ်းပါး အဝတ်များကို တွေ့ရလေ၏။ ထိုအခါ၌ ရှည်လျားစွာ ပတ်ထားသော ပိတ်စိမ်းပါးများကို ဖြေကြပြန်ရာ အမဲသားများကို တွေ့ရလေ၏။

"အမဲသားတွေဗျ၊ သေတဲ့ လူဟာ တော်တော် အမဲသားကြိုက်တယ်နဲ့

တူတယ်၊ ခရီးသွားတာ တောင် အမဲသားအစိမ်းကို အကျအနထုပ်ပြီး သေတ္တာထဲထည့်ယူလာတာ အံ့ပါရဲ့ ဗျာ" ဟု ဦးကိုကိုကြီး က ပြောလေ၏။ ကျွန်ုပ်တို့ သည် လည်း အထုပ်များကို ဆက်လက်၍ ဖြေကြရာ ဦးကိုကိုကြီး ပြောသကဲ့သို့ပင် အမဲသားများကို သာလျှင် တွေ့ကြရလေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့ လည်း အထုပ်ခြောက်ထုပ်အနက် နောက်ဆုံးအထုပ်ကို ဖြေ၍ ကြည့်ကြလေ၏။ ကျန်သောအထုပ်များ ထက်လည်း ကြီး၍ ကျန်အထုပ်များ ထက်လည်း လေးလှလေ၏။

ကျွန်ုပ်တို့ လည်း အထုပ်ကိုဖြေရန် အနည်းငယ် ငြီးငွေ့နေပြီ ဖြစ်သဖြင့် ဘုန်းကြီးလမ်းဂါတ်မှ ကုလားရာဇဝတ်အုပ်အား ဖြေခိုင်းလေတော့၏။

ကုလားရာဇဝတ်အုပ်လည်း အထုပ်ကိုယူ၍ သွက်လက်ဖျက်လပ်စွာ ဖြေလေတော့၏။ စက္ကူပတ်ကို ဖြေလိုက်ရာ ပိတ်စိမ်းပါးကို တွေ့ရပြန်၏။ တစ်ဖန် ပိတ်စိမ်းပါးကို ဖြေလိုက်ရာ သတင်းစာ စက္ကူကို တွေ့ရပြန်၏။ သတင်းစာစက္ကူကို ဖြေလိုက်သောအခါ၌ မူ

"အရေးဘားဘား ... အားရိုးရိုး" ဟု အော်ဟစ်ကာ ကုလားရာဇဝတ်အုပ်သည် လွှတ်ချ လိုက်လေတော့၏။ ထိုအရာသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲကျသွား၍ အနည်းငယ်လိမ့်သွားသေး၏။

ကျွန်ုပ်သည် အိုင်အေစီနီယာကို အောင်ပြီးသည့် အခါကပင် ပုလိပ်ဘက်သို့ ဝင်ရောက် အမှုထမ်းခဲ့သော်လည်း ဤမျှအထိ တုန်လှုပ်ဖွယ်ရာကောင်းသည့် အခြင်းအရာတို့ ကို တွေ့ကြုံခဲ့ရခြင်း မရှိကြောင်း ဝန်ခံရပေမည်။

ကုလားရာဇဝတ်အုပ် သာလျှင် မဟုတ်ဘဲ ကျွန်ုပ်တို့ ပါ လွန်စွာတုန်လှုပ်ခြင်း ဖြစ်ကြရကုန်၏။

"ခေါင်းပြတ်ကြီး" ဟု ဦးကိုကိုကြီးက အော်ဟစ် လိုက်လေ၏။ ကိုအောင်မြင့်ကမူ လူလည်ကျပေသည် ။ ဆက်လက်၍ မကြည့်တော့ဘဲ သင်္ဘောအောက်ထပ်သို့ ဆင်း၍ သွားလေတော့သည် ။

ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ သည် လည်း ကြမ်းပြင်ပေါ်မှ ခေါင်းပြတ်ကြီးကို ကြည့်ကာ ကြောက်ရွံ့၍ မျက်စိမျက်နှာပျက်၍ နေကြလေ၏။ သူတို့ ၏ ထုံးစံအတိုင်း စကားကြီး စကားကျယ်ကိုပင် ပြောဆိုနိုင်ခြင်း မရှိတော့ပေ။

ကျွန်ုပ်လည်း သင်္ဘောပေါ်မှ အလုပ်သမားတစ်ယောက်ကို ခေါ်ယူကာ ခေါင်းပြတ်ကြီးကို ကောက်ယူစေ၍ စားပွဲပေါ်သို့ တင်ခိုင်းပြီးလျှင် ကြောက်ကြောက်နှင့် ပင် လေ့လာကြည့်ရှု ကြရလေ၏။

ကျက်သရေ မင်္ဂလာမရှိသော ခေါင်းပြတ်ကြီးကို ကြည့်လျက် ဦးကိုကိုကြီးက ...

"မျက်နှာကလည်း ဗျာ ... ကျက်သရေ မရှိလိုက်တာ မျောက်နဲ့ သိပ်ပြီး တူတယ်ဗျ" ဟု ဆိုလေ၏။

ဦးကိုကိုကြီးပြောမှ ပင် ကျွန်ုပ်လည်း ခပ်ရဲရဲကြည့်မိလေ၏။ အမှန်ပင် မျောက်မျက်နှာနှင့် တူကြောင်း တွေ့ရလေ၏။ မျက်နှာတစ်ခုလုံး၌ လည်း သွေးများ ပေကျံလျက် ရှိပေရာ ပို့ချင် အန်ချင်စိတ်များ ပင် ဖြစ်ပေါ်၍ လာလေတော့၏။

ကိုစိန်လှနှင့် ကိုတင်ဝင်းတို့ လည်း အခန်းတစ်ခုလုံးရှိ စာရွက်စုတ်ကလေး တစ်စုတ်ကိုမျှ မကျန်ရအောင် သဲလွန်စ ရှာဖွေလျက် ရှိလေ၏။

ထိုအချိန်၌ ကျွန်ုပ်တို့ စုံထောက်မင်းကြီး မစ္စတာကရစ်ပင် ရောက်ရှိလာပြီးလျှင် စားပွဲပေါ်မှ ခေါင်းပြတ်ကြီးကို ကြည့်ရှု၍

"ဟို … မျောက်ခေါင်းကြီးက ဘယ်လိုဖြစ်တာလဲ လူကလေးတို့ " ဟု ထိတ်လန့်တကြား ပြောဆို လိုက်လေ၏။ ထိုသို့ပြောပြီးနောက် ခုတင်ပေါ်တွင် ရင်ဘတ်၌ ဓားတန်းလန်းစိုက်လျက် သေဆုံးနေသော သူဆီသို့ မျက်စေ့ ရောက်သွားပြန်လျက် …

"ဟိုမှာ လည်း ဓားတန်းလန်းနဲ့ ပါလား လူကလေးတို့ " ဟူ၍ အလန့်တကြား ပြောဆိုပြန်လေ၏။

ကိုစိန်လှသည် ခုတင်ပေါ်မှ အလောင်း၏ အင်္ကျီအိတ်များကို စမ်းသပ်၍ အင်္ကျီအိတ်အတွင်းမှ ပစ္စည်းများကို ထုတ်ယူနှိုက်ကြည့်ပြန်၏။ ထိုပစ္စည်းများမှာ သင်္ဘောလက်မှတ်များ ၊ သောက်ဆေးများ ၊ ဝယ်ယူထားသည့် လက်မှတ်များ နှင့် ငွေစက္ကူများ ဖြစ်ပေသည် ။ ထိုပစ္စည်းများ ထဲ၌ ထူးဆန်းသော စာတစ်စောင်လည်း ပါရှိလေ၏။ ထိုစာမှာ အောက်ပါ အတိုင်း ဖြစ်ပေသည် ။

> ကိုကို …
> ကိစ္စပြီးတာနဲ့ အမြန်ဆုံးပြန်ခဲ့ပါ။
> အရီတစ်ယောက်တည်း ပျင်းလှပြီ …
>
> **ကိုကိုရဲ့ ချစ်ဇနီးလေး အရီ**

ကျွန်ုပ်တို့ သည် သေသူ၏ အိတ်အတွင်းမှ ပစ္စည်းများကို ကြည့်ရှု စစ်ဆေးနေစဉ်၌ မစ္စတာကရစ်ပင်က …

"ဟော့ လူကလေးတို့ စားပွဲပေါ်က မျောက်မျက်နှာနဲ့ ခေါင်းပြတ်ကြီး

ကို တစ်ဆိတ်လောက် အဝတ်နဲ့ အုပ်ပြီး ထားကြပါကွယ်တို့ " ဟု ဆိုသဖြင့် ကိုတင်ဝင်းက အနီးရှိ လုံချည်တစ်ထည်ဖြင့် အုပ်၍ ထား လိုက်လေ၏။

"နေစမ်းပါဦး ... ကျွန်ုပ်တို့ ရဲ့ ဆားပုလင်းနှင်းမောင်က ဘယ်မှာ လဲ၊ စီအိုင်ဒီက ထွက်လာတုန်းက သူလည်း ပါခဲ့တယ် မဟုတ်လား" ဟု မစ္စတာကရစ်ပင် က မေး လိုက်လေ၏။

"ကုန်းပေါ်က လက်ဖက်ရည်ဆိုင်မှာ ဝင်ပြီး လက်ဖက်ရည်သောက် နေလေရဲ့ " ဟု ကိုစိန်လှက ဖြေလိုက်၏။

"ဆားပုလင်းနှင်းမောင်ဟာ လက်ဖက်ရည်ကို မကြာခဏ သောက်လေ့ရှိတယ်၊ အတွေးအခေါ် ကောင်းတာဟာ လက်ဖက်ရည် မကြာခဏ သောက်လို့ များ လား မဆိုနိုင်ဘူး" ဟု မစ္စတာကရစ်ပင်က ပြောလိုက်ရာ ကျွန်ုပ်တို့ လည်း ရယ်မောကြသေး၏။

ထိုသို့ပြောနေစဉ်၌ပင် ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ခဲလျက် ကျွန်ုပ်တို့ ရှိရာသို့ ရောက်ရှိ လာလေ၏။

ဆားပုလင်းနှင်းမောင်သည် ခုတင်ပေါ်မှ အလောင်းကိုလည်းကောင်း၊ စားပွဲပေါ်မှ ခေါင်းပြတ်ကြီးကိုလည်းကောင်း။ အသားထုပ်များကိုလည်းကောင်း၊ သဲလွန်စပစ္စည်းများကိုလည်းကောင်း၊ ကြည့်ရှုလေ့ လာပြီးလျှင် ခေါင်းပြတ်ကြီးအား သေချာစွာကြည့်ရှုလေ၏။ ခေါင်းပြတ်ကြီး၏ ပါးစပ်ကိုဖြဲ၍ သွားများကို စစ်ဆေးကြည့်ရှုလေ၏။ မျက်လုံးများကိုလည်း ဖြဲ၍ ကြည့်ရှုလေ၏။ ရွံ့စရာကောင်းလှသော ခေါင်းပြတ်ကြီးအား ဆားပုလင်းနှင်းမောင်သည် မရွံ့မရှာ ပယ်ပယ်နယ်နယ် ကြည့်ရှုနေလေ၏။

ကျွန်ုပ်သည် သူ့အစား ပျို့၍ ပင် လာလေတော့၏။

"ဘောတံတားပေါ်မှာ ပုသိမ်ထီးဆောင်းပြီး ရပ်နေတဲ့ မိန်းမတစ်ယောက်ရှိတယ်။ ဦးအောင်သင်း၊ သူ့နာမည်က အရီလို့ ခေါ်တယ်။ တစ်ဆိတ်လောက် သူ့ကိုခေါ်ခဲ့စမ်းပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောဆိုလျက် ခေါင်းပြတ်ကြီးကို လုံချည်ဖြင့်အုပ်၍ ထား လိုက်လေ၏။

ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်၏ စေခိုင်းချက်အတိုင်း သင်္ဘောပေါ်မှ ဆင်း၍ လာခဲ့ပြီးလျှင် ဘောတံတားပေါ်သို့ သွားရောက်ကာ ပုသိမ်ထီးဆောင်း၍ ရပ်နေသော မိန်းမတစ်ဦးထံသို့ ချဉ်းကပ်ခဲ့လေ၏။

အသက်အားဖြင့် အစိတ်ခန့်ရှိ၍ ကျွန်ုပ် တွေ့ဖူးသမျှသော မိန်းမတို့အနက် ကျက်သရေရှိ၍ လှပသော မိန်းမတို့ ၏ စာရင်း၌ ထိပ်ဆုံး၌ ပါဝင်သော မိန်းမတစ်ဦးဖြစ်ပေ၏။

ကျွန်ုပ်လည်း ထိုမိန်းမအနီးသို့ ချဉ်းကပ်ပြီးလျှင် 'အရီ' ဆိုသူ ဟုတ်မဟုတ် မေးမြန်းလေရာ ထိုမိန်းမက အရီဖြစ်ကြောင်း၊ သူ၏ ယောက်ျားဖြစ်သူ ကိုဘိုးစိန်အား လာရောက် ကြိုဆိုကြောင်း ပြောပြလျှင် ကျွန်ုပ်က သင်္ဘောပေါ်သို့ လိုက်ခဲ့ရန် ထိုမိန်းမအား ခေါ်ယူခဲ့လေသည် ။

ထိုမိန်းမသည် အလောင်းများ ရှိရာ အခန်းဝရောက်လျှင် အတွင်းသို့ မဝင်သေးဘဲ အခန်းတွင်းမှ ပုလိပ်အရာရှိများကို ကြည့်ရှု၍ တစ်စုံတစ်ရာ ဖြစ်ချေပြီဟု သဘောပေါက်ကာ လွန်စွာ မျက်နှာပျက်၍ လွန်စွာမှလည်း တုန်လှုပ်သွားလေ၏။

ထိုအခါ၌ အင်စပက်တော် ကိုတင်ဝင်းက လူတတ်လုပ်၍ ...

"ဒီမှာ အရီရေ ခင်ဗျားယောက်ျားရဲ့ အင်္ကျီအိတ်ထဲက ရတဲ့ စာ၊ ဒီစာဟာ ခင်ဗျားရေးလိုက်တဲ့ စာပဲ။ "**ကိုကို ကိစ္စပြီးတာနဲ့ အမြန်ဆုံးပြန်ခဲ့ပါ၊**

**အရီတစ်ယောက်တည်း ပျင်းလှပြီ** လို့ ရေးထားတယ် အောက်မှာ တော့ **ကိုကို့ရဲ့ ချစ်ဇနီးလေး အရီ** လို့ လက်မှတ်ထိုးထားတယ်။ အဲဒါ ခင်ဗျား စာ မဟုတ်လား" ဟု ဆိုကာ အရီဆိုသူအား ခုတင်ပေါ်တွင် ဓားတန်းလန်းနှင့် သေဆုံးနေသောသူ၏ အင်္ကျီအတွင်းမှ ရရှိသောစာကို ပေး လိုက်လေ၏ "

"ဟုတ်ပါတယ်ရှင် … ကျွန်မရေးလိုက်တဲ့ စာပါပဲ၊ ကျွန်မယောက်ျား က အခုဘယ်မှာ လဲ" ဟု စိုးရိမ်တကြီးနှင့် မေး လိုက်လေ၏။

ပုလိပ်အင်စပက်တော် ကိုတင်ဝင်းသည် …

"ဟောဒီမှာ ခင်ဗျားယောက်ျားသေပြီ" ဟု ဆိုကာ ခုတင်ပေါ်မှ အလောင်းအား စောင်ကိုဖွင့်၍ ပြ လိုက်လေ၏။ အရီလည်း 'အမလေး ကိုကိုရဲ့ ' ဟု အော်ဟစ်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုကြွေးလေတော့၏။

ကျေနပ်လောက်အောင် ငိုကြွေးပြီးနောက် သူ၏ ယောက်ျား အလောင်းကို သေချာစွာကြည့်ရှုပြီးလျှင် လွန်စွာအံ့အားသင့်ခြင်း၊ လွန်စွာဒေါသဖြစ်ခြင်း စသောဝေဒနာကို သူမ၏ မျက်နှာ၌ ဖော်ပြလျက် …

"ရှင်တို့ ဘာအူကြောင်ကြောင်လုပ်တာလဲ၊ ဒါကျွန်မယောက်ျားမှ မဟုတ်ဘဲ၊ ဒီလိုလုပ်တာ ကျွန်မ မကျေနပ်ဘူး။ အထက်ကို တိုင်မယ်။ ဒါ ဟာ နောက်စရာလား"ဟု ကြိမ်းမောင်း၍ ပုလိပ်အင်စပက်တော် ကိုတင်ဝင်းအား စားတော့ဝါးတော့မည် ကဲ့သို့ ကြည့်ရှုလေ၏။ ကျွန်ုပ်တို့ သည်လည်း မည်သို့သော စကားကို ပြောရမှန်း မသိလောက်အောင် ရှုပ်ထွေး၍ သွားလေ၏။

စုံထောက်ကြီး မစ္စတာကရစ်ပင်သည် ပင်လျှင် ...

"အိုးဂေါ့ ... ဝှပ်ဟက်ပင်း ... လူကလေး မောင်တင်ဝင်း အောရပ်ဗစ်ရ် ... အထက်ကို တိုင်စာပို့မယ် ပြောနေပြီ" ဟု ပြောဆို၍ ပခုံးနှစ်ဖက်ကို တွန့် လိုက်လေ၏။ ဥရောပတိုက်သား တို့ ၏ ပခုံးနှစ်ဖက် တွန့်ခြင်းသည် "ဒုက္ခများ ပါပြီ ဗျာ" ဟု အဓိပ္ပါယ် သက်ရောက်ပေရာ ကျွန်ုပ်တို့သည် လည်း ထိုအဖြစ်အပျက်အတွက် စိတ်ညစ်ရပြန်လေ၏။

"ဒီမှာ မအရီ။ စိတ်ခိုင်ခိုင်ထားပြီး ဒီပစ္စည်းကို ကြည့်စမ်းပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောဆိုလျက် ခုံပေါ်တွင် လုံချည်ဖြင့် အုပ်၍ ထားသော မျောက်မျက်နှာနှင့် တူသည့် ခေါင်းပြတ်ကြီးကို ပြလိုက်ရာ အရီဆိုသည့် မိန်းမသည် ...

"အမလေး ကိုကိုရဲ့ အဖြစ်ဆိုးလှချည်လား" ဟု ဆိုကာ လဲကျ၍ သတိလစ်သွားလေတော့၏။

ထို့ကြောင့် ဆားပုလင်းနှင်းမောင်က ထိုမိန်းမအား အနီးဆုံး ဆေးတိုက်သို့ ခေါ်သွား၍ ပြုစုပေးရန် ကုလားရာဇဝတ်အုပ်အား ပြော လိုက်လေ၏။ ကုလားရာဇဝတ်အုပ်လည်း ထိုမိန်းမအား ခေါ်သွားလေတော့၏။

ထိုမိန်းမ မရှိသည့် အခါ၌ ပုလိပ်အင်စပက်တော် ကိုတင်ဝင်းက အောက်ပါအတိုင်းပြောလေ၏။

"အမှုက ရှင်းပါတယ် ... ဟောဒီ မျောက်မျက်နှာကြီးက အရီရဲ့ ယောကျ်ား၊ ဒီမှာ သေနေတဲ့ ကောင်က အရီနဲ့ မရှင်းမလင်း ဖြစ်နေတဲ့ ကြာသမား ဖြစ်ရမယ်၊ သူတို့ နှစ်ယောက်အပြင် အရီကို ကြံနေတဲ့ ကြာသမားတစ်ယောက်ဟာ ဒီသင်္ဘောပေါ်မှာ ပါလာရမယ်။ အဲဒီကောင် တတိယမြောက် ကြာသမားက ဟောဒီလင်ကြီးနဲ့ လင်ငယ်ကို သတ်သွား

တာ၊ သတ်ပြီးအလောင်းကို ဖျက်တာ၊ လင်ကြီး အလောင်းပဲ ဖျက်လို့ ပြီးသေးတယ် လင်ငယ်အလောင်းက မဖျက်ရသေးခင်မှာ သင်္ဘောက ရန်ကုန်ဆိပ်ကမ်းကို ရောက် လာလေတော့ လစ်ပြေးတာ ဖြစ်ရမယ်" ဟု ပြောလေ၏။

"ဒီလို မဖြစ်နိုင်ဘူး။ မျောက်မျက်နှာကြီးဟာ လင်ငယ်ဖြစ်ရမယ်။ ဒီမှာ သေနေတဲ့ ကောင်က လင်ကြီးဖြစ်ရမယ်၊ လင်ကြီးက လင်ငယ်ကိုသတ်ပြီး အလောင်းဖျက်နေတုန်းမှာ ဒီမိန်းမက လင်ကြီးကို ဓားနဲ့ ထိုးတာ၊ ပြီးတော့ သင်္ဘောဆိုက်မှာ အိမ်ကနေ လာပြီး ကြိုတဲ့ ပုံစံမျိုးနဲ့ ဘောတံတားပေါ်မှာ ရပ်နေတာ ဖြစ်ရမယ်" ဟု အင်စပက်တော် ကိုစိန်လှက ပြောပြန်၏။

"ဟုတ်တယ် ဒါလည်း ဖြစ်နိုင်တယ်၊ နောက်တစ်ခုကတော့ သူတို့ နဲ့ အတူ မအူပင်ကနေစီးလာတဲ့ လက်မှတ်တွေ တွေ့ရတယ်။ မအူပင်က လူတစ်ယောက်ယောက်က သတ်ပြီးတင်လိုက်တာ ဖြစ်မယ်။ မျောက်မျက်နှာကြီးကို သတ်ပြီး အလောင်းဖျောက်ဖို့ ဟောဒီခုတင်ပေါ်ကလူနဲ့ မအူပင်က လူတစ်ယောက်ဟာ အတူတူပေါင်းပြီး ကြံစည်ခဲ့ကြလိမ့်မယ်။ ပြီးတော့မှ မအူပင်က လူက ဟောဒီသူ့ဟာ အချိန်ကျရင် ဖော်ချင်ဖော်လိမ့်မယ်လို့ စိတ်ကူးမိတာနဲ့ အဖော်ကိုသတ်ပြီး သူကတော့ မအူပင်မှာ ဖြစ်စေ၊ လမ်းက ဆိပ်ကမ်း တစ်နေရာမှာ ဖြစ်စေ ဆင်းပြီးနေခဲ့ပြီ" ဟု အင်စပက်တော်ရွှေသွား ကိုအောင်မြင့်က သူ၏ ထင်မြင်ချက်ကို ပြောပြန်လေ၏။

"ဘယ်လိုပဲဖြစ်ဖြစ် ... အရီဆိုတဲ့ မိန်းမကိုတော့ မျက်ခြည်ပြတ်လို့ မဖြစ်ဘူး၊ သူ့ကို အပိုင်ကိုင် ထားနိုင်ရင် ဒီအမှုဟာ ဘယ်နည်းနဲ့ မှ မပေါ်ဘဲ မနေနိုင်ပါဘူး" ဟု ကိုတင်ဝင်းက ပြောလိုက်လျှင် ကိုအောင်မြင့်၊ ကို

စိန်လှတို့ ကပါ ...

"ဟုတ်တာပေါ့၊ ဒီမိန်းမဆီကို အခုကို လိုက်သွားရမယ်" ဟု ဆိုကာ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်အား သွားရန် ခွင့်တောင်းကြလေ၏။

"အမှုပေါ်ဖို့ အရေးကြီးပါတယ်၊ မောင်မင်းတို့ သွားချင်တဲ့ ဆီကို သွားပါ၊ ခွင့်ပြုပါတယ်" ဟု စုံထောက်မင်းကြီးက အနူးအညွတ် ခွင့်ပြုလိုက်လျှင် စုံထောက် အင်စပက်တော် သုံးဦးသည် သဘော်ပေါ်မှ ပြေး၍ ဆင်းသွားကြလေ၏။

ထိုသူတို့ မရှိသည့် အခါ၌ ပုလိပ်တစ်ယောက်အား ခေါ်ယူ၍ အလောင်းများကို ဆေးရုံသို့ပို့လိုက်ရန် ကိုနှင်းမောင်က စေခိုင်း လိုက်လေ၏။ များ မကြာမီ အချိန်၌ပင် ဆေးရုံမှ ကုလား အလုပ်သမား နှစ်ယောက်နှင့် ပုလိပ်တစ်ယောက်သည် အလောင်းများကို လာရောက်၍ သယ်ယူသွားလေ၏။

အခန်းတွင်း၌ အလောင်းများ မရှိတော့သည့် အခါ၌ သတင်းထောက်များ သည် သတင်းယူရန်၊ သတင်းအတွက် ဓာတ်ပုံရိုက်ရန် ရောက်ရှိလာကြလေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက သတင်းထောက်များအား ဒိုင်ခံရှင်းပြရလေ၏။ အလောင်းများ မရှိတော့သည့် အတွက် ဓာတ်ပုံများ မရိုက်ရသော်လည်း သတင်းထောက်များ သည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား ခရေစေ့တွင်းကျ မေးမြန်းကြလေ၏။

"ဆရာတို့ ရဲ့ ... ကျုပ်တို့ လည်း ဘာမှ အတိအကျ သိရသေးတာ မဟုတ်ဘူး ဗျာ၊ အမှုက မပေါ်သေးဘူး ...၊ အမှုပေါ်တော့မှ ပဲ သတင်းအပြည့်အစုံ ရေးကြပေတော့" ဟု ဦးကိုကိုကြီးက ပြောလိုက်မှပင် သတင်းထောက်များ လည်း ပြန်သွားကြလေတော့၏။

ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် စောစောက အလောင်းကြီး ရှိခဲ့သော ခုတင်ပေါ်၌ ပက်လက်လှန်၍ အိပ်ကာ စီးကရက်ကို သောက်၍ နေလေ၏။ ကျွန်ုပ်တို့ လည်း စီးကရက်တစ်လိပ် ကုန်လျှင် ၎င်း၏ ထင်မြင်ယူဆချက်ကို ကြားရတော့မည်ဟု မျှော်လင့်နေကြလေ၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်ကား စီးကရက်တစ်လိပ် ကုန်သွားလျှင် ခုတင်တိုင်၌ ထိုးချေ၍ အသစ်တစ်လိပ် သောက်ပြန်၏။ ဤသို့နှင့် သုံးလိပ်တိတိ သောက်ပြီးသော်လည်း ထင်မြင်ချက်ကို မပြောဘဲ လေးလိပ်မြောက် စီးကရက်ကို မီးညှိလိုက်လျှင် ကျွန်ုပ်တို့ ကဲ့သို့ပင် သူ၏ ထင်မြင်ချက်ကို စိတ်စောလျက် စောင့်မျှော်နေသော မစ္စတာကရစ်ပင်က ...

"ဘယ်လိုလဲ မစ္စတာနှင်းမောင်၊ ခင်ဗျားသောက်တဲ့ စီးကရက်မီးခိုးတွေ ထွက်ဖို့ ဒီသင်္ဘောကြီးက ခေါင်းတိုင်နဲ့ လုံလောက်ရဲ့ လား၊ နောက်ထပ် ခေါင်းတိုင်အသစ် တစ်ခုများ တပ်ပေးဖို့ လိုသေးသလား" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် နောက်ပြောင် လိုက်လေရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ရယ်မောရလေတော့၏။

"ဒီအမှုဟာ ... လွယ်မလိုနဲ့ သိပ်ပြီး ရှုပ်ထွေးနေတယ်။ တရုတ်ပဟေဠိလို ဖော်ရခက်နေတယ် မစ္စတာကရစ်ပင်၊ ပြီးတော့ အမှုရဲ့ ကျောရိုးဟာ စဉ်းစားလို့ မရအောင်ကို လျှို့ဝှက်နေတယ်။ ဒီအမှုကို ကျုပ်ထက် အရင်ဦးအောင် ဖော်နိုင်တဲ့ စုံထောက်များ ရှိခဲ့ရင်တော့ အဲဒီစုံထောက်ရဲ့ ခြေဖျားကို ကျုပ်ရဲ့ ဆံပင်နဲ့ တောင် ပွတ်ပြီး ရှိခိုးပါ့မယ်" ဟု အဓိပ္ပာယ်ရသော စကားကို လန်ဒန်မြို့ကြီးသားတစ်ဦး၏ အင်္ဂလိပ် လေသံဖြင့် မစ္စတာကရစ်ပင်အားပြန်၍ ပြော လိုက်လေ၏။

"ခက်ကုန်ပြီ ... ခက်ကုန်ပြီ ... လွတ်သွားပြီ"

ကိုတင်ဝင်း၊ ကိုအောင်မြင့်၊ ကိုစိန်လှတို့ သုံးဦးသည် အထက်ပါအတိုင်း ပြောဆို၍ သင်္ဘောပေါ် သို့ပြန်၍ ရောက်လာခဲ့ကြလေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက အကျိုးအကြောင်း မေးမြန်းလျှင် ကိုတင်ဝင်းက ...

"ကျုပ်တို့ လဲ အရီရဲ့ နောက်ကို လိုက်ကြတယ်၊ ကုလား ရာဇဝတ်အုပ်က အရီကို ဆိုက်ကားနဲ့ တင်ပြီး မဂိုလမ်းက ဆေးတိုက်တစ်တိုက်ကို ပို့လိုက်တယ်၊ သူတို့ စီးသွားတဲ့ ဆိုက်ကားသမားကို ကန္နားဆိပ်မှာ ပဲ အလွယ်တကူ တွေ့တာနဲ့ ကျုပ်တို့ သုံးယောက် မဂိုလမ်းကို လိုက်သွားခဲ့ကြတယ်။ မဂိုလမ်းလဲ ရောက်ရော ... လမ်းပေါ်မှာ တောင်ပြေး မြောက်ပြေး လုပ်နေတဲ့ ကုလားရာဇဝတ်အုပ်ကို တွေ့ရတော့တာပဲ ... မေးကြည့်တော့ အဲဒီမိန်းမကို ဆေးတိုက်က ကုလားဆရာဝန်က စစ်ဆေးနေတုန်း သူက ကွမ်းယာထွက်ပြီး ဝယ်တယ်၊ ဝယ်ပြီးလို့ ဆေးတိုက်ထဲလည်း ပြန်ဝင်သွားရော ... အဲဒီမိန်းမ မရှိတော့ဘူး ဆိုပဲ၊ ကုလားဆရာဝန်ကို မေးကြည့်တော့ ဘာမှ ဖြစ်တာ မဟုတ်ဘဲ ခေါင်းနည်းနည်း မူးနေတာပဲ ရှိတော့ ရှူဆေးကို ဂွမ်းနဲ့ ဆွတ်ပြီး ပေးလိုက်လို့ အခုပဲ ထွက်သွားပြီလို့ ပြောတာကို ကုလားရာဇဝတ်အုပ်က ဆရာဝန်ကို ဘာဖြစ်လို့ အဲဒီမိန်းမကို လွှတ်လိုက်သလဲလို့ ကြိမ်းတော့တာပဲ၊ ဆရာဝန်ကလဲ ကျုပ်ဘယ်သိမလဲ ခင်ဗျားမိန်းမက ဘာရောဂါမှ မရှိဘဲ ကျုပ်က ဘာဖြစ်လို့ ဆေးတိုက်မှာ ခေါ်ထားရမှာ လဲလို့ ပြန်ပြီးဟောက်တော့တာပဲ၊ ကုလားရာဇဝတ်အုပ်လဲ ဟိုပြေးလိုက် ဒီပြေးလိုက်နဲ့ လိုက်နေတုန်း ကျုပ်တို့ ရောက်သွားတာပဲ၊ လွတ်သွားပြီ ... ဒါနဲ့ ကျုပ်တို့ လဲ တရားခံကို လွတ်မြောက်အောင် ကူညီမှုနဲ့ ဆရာဝန်ကို အမှုဖွင့်ပြီး ဖမ်းချုပ်ခဲ့တယ်ဗျို့"

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်အား ကိုတင်ဝင်းက လွန်စွာ ထော့နင်းထော့နင်း နိုင်လှသော အင်္ဂလိပ်စကားဖြင့် အထက်ပါ အဖြစ်

အပျက်ကို အစီရင်ခံလေ၏။ ကိုတင်ဝင်းသည် အင်္ဂလိပ် စကားပြောဆိုရာ၌ စကားလုံးများကို မေ့၍ နေတတ်သည် ဖြစ်ရာ ထိုသို့မေ့နေသော နေရာများ ၌ 'အင်ဒ် ... အင်ဒ် ... ဒင်ဒ်' နှင့် အစာနင်သောသူကဲ့သို့ လည်ပင်း တဆန့်ဆန့် ပြုလုပ်၍ နေတတ်သည် ကို ကြည့်၍ ဦးကိုကိုကြီးက ...

"ကိုတင်ဝင်း အင်္ဂလိပ်လို ပြောတာက သိပ်ပြီး မှတ်သားဖို့ ကောင်းတာပဲ၊ 'အင်ဒ်' ဆိုတဲ့ စာလုံးကို ကျုပ်တော့ နားမှာ စွဲနေတာပဲ" ဟု မနောက်သာ နောက်သာ နောက်ပြောင် လိုက်လေ၏။

စုံထောင်မင်းကြီး မစ္စတာ ကရစ်ပင်က ...

"မောင်မင်းတို့ ... ဆရာဝန်ကို ဖမ်းခဲ့ပြီလား၊ အမှန်ကတော့ ကုလားရာဇဝတ်အုပ်ကိုပါ ဖမ်းရမှာ ကွ၊ အရေးထဲမှာ သူက ဘာဖြစ်လို့ ကွမ်းယာ သွားဝယ်ရတာလဲ ..." ဟု ပြောလိုက်လျှင် ကိုတင်ဝင်းနှင့် ကိုအောင်မြင့်က ...

"ဟုတ်တာပေါ့၊ ဒီကောင့်ကိုပါ ဖမ်းရမယ်၊ အခုကို သွားဖမ်းမယ်" ဟု ဆိုကာ အခန်းတွင်းမှ ထွက်၍ သွားကြသဖြင့် စုံထောက်မင်းကြီးက ၎င်းတို့ အားလှမ်း၍ ခေါ်ပြီးလျှင် ...

"မင်းတို့ ဟာ အလကားကောင်တွေပဲ၊ ဖမ်းဖို့ လောက်ပဲ သိတဲ့ ကောင်တွေ၊ ငရဲကောင်တွေပဲ" ဟု ဆူပူကြိမ်းမောင်း လေတော့၏။

" မဟုတ်ဘူး သခင်။ အရီဆိုတဲ့ မိန်းမကိုမိရင် အမှုဟာ လုံးဝပေါ်ပြီ" ဟု ကိုတင်ဝင်းက စောဒက တက်လေ၏။

ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်မှာ မူ ခုတင်ပေါ်၌ ပက်လက်လှန်လျက် ဆေးလိပ်သောက်၍ နေရာမှ ထ၍ အခန်းတွင်းမှ ထွ

က်သွားပြီးလျှင် ဘောတံတားပေါ်သို့ သွားရောက်ကာ ဗယာကြော် ရောင်းသော ကုလားလေးထံမှ ဘယာကြော်တစ်ခုကို ဝယ်ယူစားသောက်လျက် ရှိသည် ကို ကျွန်ုပ်ရော ဦးကိုကိုကြီးပါ မြင်တွေ့နေရလေ၏။

"မစ္စတာကရစ်ပင်လည်း အခန်းပြတင်းပေါက်မှ နေ၍ ဘောတံတားပေါ်သို့ ကြည့်လိုက်ရာ ဗယာကြော် ကုလားကလေးနှင့် ရင်းနှီးစွာ လက်ဆုံကျလျက် ရှိသော ဆားပုလင်းနှင်းမောင်ကို မြင်လျှင်"

"ဘယ်လိုလဲဟေ့ - ဆားပုလင်းနှင်းမောင်က အမှုအကြောင်းကို ဘေးချိတ်ထားပြီး တကယ့် ဂျင်းတယ်မင်းနဲ့ စကားသွားပြောနေပါလား " ဟု ပြော လိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ဗယာကြော် ကုလားလေးအား စကားပြောဆိုပြီးလျှင် ကုလားလေး၏ ပခုံးကိုကိုင်လျက် သင်္ဘောပေါ်သို့ ခေါ် လာလေ၏။ ထို့ကြောင့် မစ္စတာကရစ်ပင်က ...

"သူ့ရဲ့ ဂျင်းတယ်မင်းကို ငါတို့ နဲ့ ပါ အင်ထရိုကျူ လုပ်ပေးမလို့ နဲ့ တူတယ်။ ခေါ် လာပြီဟေ့" ဟု ပြောပြန်လေ၏။

"သခင်၊ ရန်ကုန်မြို့မှာ ရှိတဲ့ ဂါတ်တွေကို အရီ ဆိုတဲ့ မိန်းမရဲ့ ပုံသဏ္ဌာန်ကို ဖော်ပြပြီး ရှာပေးဖို့ အမိန့်ထုတ်ရင် ကောင်းမယ် ထင်တယ်" ဟု ကိုစိန်လှက မရဲတရဲနှင့် အစီရင်ခံလေ၏။

"ဟုတ်ပါတယ်သခင်။ အဲဒီမိန်းမကို မိရင် အမှုပေါ်ပါပြီ" ဟု လည်း ကိုတင်ဝင်းကပါ ပြော လိုက်လေ၏။

"အဲဒီမိန်းမကိုတွေ့ရင် တကယ်ပဲ ဒီအမှု ပေါ်မှာ လား" ဟု ဗယာကြော်ကုလားလေးနှင့် ဆားပုလင်းနှင်းမောင်က မေး လိုက်လေ၏
။

"သိပ်ပေါ်တာပေ့ါဗျာ" ဟု ကိုတင်ဝင်းက ပြန်၍ ဖြေလေ၏။

"ဒီလိုဆိုရင် ဟောဒီ ကုလားလေးကိုခေါ်သွား၊ အဲဒီမိန်းမက သဃ်န်းကျွန်းမှာ နေတယ်၊ အိမ်ကို ဒီကုလားလေးကို ပြခိုင်း"

ကျွန်ုပ်သည် အရီ ဆိုသော မိန်းမ မည်သည့် အရပ်၌ နေသည် ကို ဗယာကြော် ကုလားလေးက ပြနိုင်သည် ဟု ဆိုလိုက်ခြင်း အတွက် လွန်စွာ အံ့ဩမိလေ၏။ ထို့အတူ ကျွန်ုပ်အဖို့ တွေး၍ ပင် မရအောင် ရှုပ်ထွေး၍ သွားလေ၏။

"ဟော့-ချတ်ကရား အရီ့အိမ်ကို သိသလား" ဟု ကိုတင်ဝင်းက မေးလိုက်လေ၏။

"သိပါတယ် ... ဆားပုလင်း ဘရားဆပ်က ကျွန်တော့်ကို အရီမိန်းမ ဘယ်ကိုသွားသွား နောက်က လိုက်သွားရမယ့်လို့ မှာ တဲ့ အတွက် ဘယာကြော်ကို လက်ဖက်ရည်ဆိုင်မှာ အပ်ပြီး လိုက်သွားပါတယ်။ ကုလားပုလိပ်နဲ့ အတူ မဂိုလမ်း(ရွှေဘုံသာလမ်း) ဆေးတိုက်ကို သွားတယ်။ ကုလားပုလိပ် ကွမ်းယာဆိုင်ကို သွားတယ်၊ အရီမိန်းမ ဆေးတိုက်ကထွက်ပြီး ဘတ်စ်ကားနဲ့ တစ်ခါတည်း ပြေးတယ်။ သူ့နောက်ကလိုက်တယ်။ သဃ်န်းကျွန်းကို ရောက်တယ်။ သဃ်န်းကျွန်းမှာ ခြံကြီးကြီးထဲမှာ နေတယ်"

"ဩော် ... ကိုနှင်းမောင်က နဂိုကတည်းက စီစဉ်ထားခဲ့တာကိုး" ဟု ဦးကိုကိုကြီးက မေး လိုက်လေ၏။

"ဟုတ်တယ် ... ခင်ဗျားတို့ သင်္ဘောပေါ်ကို တက်ခဲ့တုန်းက ကျုပ်ကကုန်းပေါ်က လက်ဖက်ရည် ဆိုင်မှာ ကျန်ခဲ့ပြီးလက်ဖက်ရည် သောက်နေတယ်။ အဲဒီကနေ ဘောတံတားပေါ်မှာ ရပ်နေတဲ့ အဲဒီမိန်းမကို မသင်္ကာတာနဲ့ ကျုပ်အသိ ဗယာကြော် ကုလားကလေးကို ခေါ်ပြီး သူဘာ

ယ်ကိုသွားသွား နောက်ယောင်ခံပြီး လိုက်ဖို့ မှာ ထားခဲ့တာ၊ ဒီလို ရန်ကုန်မြို့ နေရာ တော်တော်များများမှာ ရှိတဲ့ ဈေးရောင်းတဲ့ ကုလားကလေးတွေဟာ ကျုပ်ရဲ့ မိတ်ဆွေ၊ ကျုပ်ရဲ့ အထူးဆက်သားတွေ ဖြစ်တယ် ဦးကိုကိုကြီး" ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြ လိုက်လေ၏။

"ကဲ ... ဝက်လိုကောင်တွေ၊ အဲဒီမိန်းမကိုမိရင် အမှုပေါ်ပြီဆိုတဲ့ ကောင်တွေ၊ ဗယာကြော် ရောင်းတဲ့ ဆားပုလင်းနှင်းမောင်ရဲ့ မိတ်ဆွေကို ခေါ်ပြီး အဲဒီမိန်းမဆီကို သွားကြပါတော့လား အမှိုက် သရိုက်တွေရဲ့ " ဟု ပြော လိုက်လေရာ ကိုတင်ဝင်း၊ ကိုစိန်လှ၊ ကိုအောင်မြင့်တို့ ၊ ပုလိပ်အင်စပက်တော် တို့ သည် မျောက်မျက်နှာရှိသော လူကြီး၏ ကြင်ယာ သက်ထား ဇနီးမယားဖြစ်သူ အရီဆိုသော မိန်းမ၏ နောက်သို့ ဗယာကြော် ကုလားလေးကို ခေါ်၍ လိုက်သွားကြလေတော့၏။

ထိုသူတို့ ထွက်၍ သွားလျှင် ဆားပုလင်းနှင်းမောင်သည် သင်္ဘောစာရေးကိုခေါ်၍ အောက်ပါ မေးခွန်းများကို ထုတ်လေ၏။

"ဟောဒီ အထူးခန်းမှာ က ခုတင်နှစ်လုံးချထားတယ်၊ ခရီးသည် နှစ်ဦး စီးခွင့်ရှိတာပေ့ါနော်" ဟု ဆားပုလင်းနှင်းမောင်က မေးလေ၏။

"ဟုတ်ကဲ့ အဲဒီအခန်းဟာ နှစ်ယောက်ခန်းပါ"

"မနေ့က ဘယ်နှနာရီမှာ သင်္ဘောဟာ မအူပင်က ထွက်ခဲ့သလဲ"

"ည ၈-နာရီတိတိမှာ ထွက်ခဲ့ပါတယ်"

"အထူးခန်းမှာ ခရီးသည် ဘယ်နှယောက် လိုက်ပါခဲ့သလဲ"

"တစ်ယောက်တည်းပါခင်ဗျ"

"သင်္ဘောတစ်စင်းလုံးက လူတွေကို မမှတ်မိရင် နေရမယ်။ ဒီအခန်းမှာ လိုက်တဲ့ လူက တစ်ယောက်တည်း ဆိုတော့ ဒီအခန်းက လူကိုတော့

မှတ်မိရမယ်။ ဒါမှ မဟုတ် ဒီအခန်းအတွက် လက်မှတ် လာပြီး ဝယ်တဲ့ လူကိုတော့ မှတ်မိရမယ် မဟုတ်လား စာရေးကြီး" ဟု ပြောလျက် တစ်ဆက်တည်း၌ပင် 'စီးကရက် သောက်ပါဦး' ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် စီးကရက်ဘူးကိုထုတ်၍ သဘော်စာရေး အား စီးကရက်ကို တည်လေ၏။ သဘော်စာရေးလည်း ဆားပုလင်းနှင်းမောင်ထံမှ စီးကရက်တစ်လိပ် ကိုယူ၍ သောက်လေ၏။

"ကဲပါ စာရေးကြီး စီးကရက် သောက်ရင်း ပြောစမ်းပါဦး။ ဒီအခန်းမှာ စီးတဲ့ လူကို သိရဲ့ မဟုတ်လား"

"အသတ်ခံရတဲ့ လူကိုလား ... မသိဘူး ခင်ဗျ"

"ဒါဖြင့်ရင် ဒီအခန်းအတွက် လက်မှတ် လာပြီး ဝယ်တဲ့ သူကိုတော့ သိရမှာ ပေါ့"

"မသိဘူး ခင်ဗျ"

"ခင်ဗျား ဒီအခန်းထဲကို ရောက်ခဲ့သေးတယ် ဆိုတာကို ကျုပ်သိတယ် ၊ ဟောဟိုထောင့်က ခုံပေါ်မှာ တောင် ထိုင်ခဲ့သေးတယ်။ ပြီးတော့ ဟောဒီ သေသူရဲ့ ခုတင်ခြေရင်းကို လာခဲ့တယ်။ ပြီးတော့ ခုတင် ခေါင်းရင်းဘက်ကို သွားခဲ့တယ်။ ခင်ဗျား ဘာပြောချင်သလဲ စာရေးကြီး" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် သဘော် စာရေးကြီးလည်း လွန်စွာ တုန်လှုပ်လျက် ...

"ဒီ ... ဒီ ... ဒီလိုပါခင်ဗျာ၊ ဒီအခန်းအတွက် သဘော်လက်မှတ် လာပြီး ဝယ်တုန်းက ကျွန်တော် နဲ့ သိတဲ့ မအူပင်မြို့က ရှေ့နေကြီး ဦးဘသာ ဆိုတာက လာပြီး ဝယ်တာပါ။ ကျွန်တော်လဲ အလုပ်မအား တာနဲ့ သူ့အခန်းကို မလာမိခဲ့ဘူး။ မနက်ငါးနာရီလောက်မှာ တာဝန်ကျတော့ သဘော် ခဏရပ်တယ်၊ အဲဒီမှာ ဆီထမင်းတို့ ကောက်ညှင်းပေါင်းတို့

လှေနဲ့ လာပြီး ရောင်းကြတယ်။ ကျွန်တော်က ကောက်ညှင်းပေါင်းနဲ့ ငါးကြော်ဝယ်ပြီး ရှေ့နေကြီးက အိပ်နေတုန်း ရှိသေးတယ်၊ ဒါနဲ့ စောစောက ဆရာ ပြောသလို ပါပဲ၊ ဟိုထောင့်က ခုံပေါ်မှာ ထိုင်ပြီး မနိုးဘဲ စောင့်နေပါတယ်။ တစ်ခါ မစောင့်နိုင်တာနဲ့ ခြေရင်း ကနေပြီး ခြေထောက်ကိုလှုပ်ပြီး နှိုးပါတယ်။ မရတာနဲ့ မျက်နှာက စောင်ကို ဖွင့်ကြည့်တော့ လား လား ရှေ့နေကြီး မဟုတ်ဘူး ဗျာ၊ ဘယ်ကလူမှန်း မသိပါဘူး။ သေနေတာကိုး"

"ရင်ဘတ်ပေါ်က ဓားကြီး တန်းလန်းကို မမြင်ဘူးလား"

"မှောင်လဲ နေသေးတယ်ဗျ၊ အရဏ်တက်ခါစပဲ ရှိသေးတာကိုး၊ ပြီးတော့ ကျွန်တော့်ရဲ့ မျက်မှန်ကိုလည်း ကြည့်ပါဦးခင်ဗျာ" ဟု ဆိုကာ လွန်စွာ ထူထဲလွန်းသော မှန်ဘီလူးများ တပ်ဆင်ထားသည့် သူ၏ မျက်မှန်ကို ပြလေ၏။

"သေတဲ့ လူရဲ့ မျက်နှာကို မီးခြစ်နဲ့ ခြစ်ပြီး ကြည့်တော့မှ ပဲ ရှေ့နေကြီး မဟုတ်မှန်း သိရပါတယ်။ ရင်ဘတ်ပေါ်က ဓားမြှောင်ရိုးကိုလဲ တွေ့ပါတယ်ဆရာ" ဟု သင်္ဘောစာရေးကြီးက သနားစဖွယ် ကောင်းသော လေသံဖြင့် ပြောလေ၏။

"တယ်လည်း မျက်စေ့မှုန်တာကိုး။ ဒါနဲ့ စာရေးကြီးကို မေးရဦးမယ်။ ရှေ့နေကြီး ဦးဘသာ ဟာ သင်္ဘောလက်မှတ်ကို ဝယ်တာတော့ သေချာတယ်နော်"

"သေချာပါတယ် ... ဆရာ"

"ဒီသင်္ဘောနဲ့ လိုက်လာတာကော မြင်ရဲ့ လား"

"ဒါတော့ မမြင်မိဘူး ခင်ဗျာ၊ သူ့လက်မှတ် ဝယ်တယ်ဆိုတော့ သူလို

က်မှာ ပဲလို့ ထင်မိတာပါပဲ၊ အဲဒီလို ထင်မိလို့ လဲ ကောက်ညှင်းပေါင်းသွားပြီး ကျွေးတာပေါ့ ဆရာရယ်"

"ကဲ ... ကဲ ... သွားနိုင်ပါပြီ" ဟု ဆားပုလင်းနှင်းမောင်က သဘော်စာရေးကြီးအား ပြန်လွှတ် လိုက်လေ၏။

"စာရေးကြီး လုပ်ပုံကတော့ ကိုနှင်းမောင်နဲ့ မို့သာပေါ့ဗျာ၊ ကိုတင်ဝင်းတို့ ၊ ကိုအောင်မြင့်တို့ နဲ့ သာ ဆိုရင် အချုပ်ခန်းထဲ ရောက်သေးရဲ့ ဗျာ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

ကျွန်ုပ်စိတ်ထဲ၌ သဘော်စာရေးကြီးသည် အခင်းဖြစ်ပွားသော အခန်းတွင်းသို့ရောက်ရှိကာ အခန်းထောင့် ကုလားထိုင်ပေါ်၌ ထိုင်ခဲ့ပုံ၊ သေသူ၏ ခုတင်ခြေရင်း၌ ရပ်ခဲ့ပုံ၊ တစ်ဖန် ခုတင်ခေါင်းရင်း၌ ရပ်ခဲ့ပုံတို့ ကိုပါ ကိုနှင်းမောင် သိနေ၏။ မည်သို့ မည်ပုံ သိနိုင်ပေသနည်းဟု စဉ်းစားမိလေ၏။

"သဘော်စာရေးကြီး ဒီအခန်းထဲကို ရောက်ခဲ့တယ်ဆိုတာ ခင်ဗျားဘယ်လို သိနိုင်မလဲ" ဟု ဦးကိုကိုကြီးက ကျွန်ုပ်သိလိုသော မေးခွန်းကို မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က သူ၏ ကုတ်အင်္ကျီ အတွင်းမှ ခါးစည်းလည်တွင် ကျိုးလျက်ရှိသော မီးခြစ်ဆံကလေးများကို ဦးကိုကိုကြီး၏ လက်ဝါးပေါ်သို့ ပုံချ၍ ...

"အဲဒီ မီးခြစ်ဆံကျိုးကလေးတွေကို ဟိုထောင့်မှာ ငါးခု၊ ခုတင်ခြေရင်းဘက်မှာ ရှစ်ခု၊ ခေါင်းရင်းဘက်မှာ တစ်ခု တွေ့ရတယ်။ တချို့ဟာ မီးခြစ်ဆံကို မီးညှိဖို့ အတွက်သာ မဟုတ်ဘဲ အပျင်းဖြေ ချိုးတတ်တဲ့ အကျင့်ရှိတယ်ဗျ။ ဒီဟာလေးတွေကို တွေ့ရတော့ သဘော်ပေါ်မှာ လျှောက်ပြီး လေ့လာကြည့်တာ သဘော်စာရေးကြီးရဲ့ အခန်းထဲမှာ မီးခြစ်ဆံ အကျိုးတွေဟာ မနည်းပါဘူးဗျာ၊ သူ့မှာ အဲဒီ အကျင့်မျိုး ရှိတယ် ဦး

ကိုကိုကြီး"

မစ္စတာ ကရစ်ပင်သည် အမှုအကြောင်း၌ ပါဝင်ပြောဆိုခြင်း မရှိသော်လည်း အမြန်ဆုံး အမှု ပေါ်ပေါက်အောင် ဆောင်ရွက်ပေးပါမည့် အကြောင်း ဆားပုလင်းနှင်းမောင်အား အနူးအညွတ် တောင်းပန်ပြီးနောက် အင်းစိန် စီအိုင်ဒီသို့ ပြန်၍ သွားလေတော့၏။

ထိုအခါ၌ မျောက်မျက်နှာနှင့် ခေါင်းပြတ်ကြီး အကြောင်းကိုလည်းကောင်း၊ ရင်ဝတွင် ဓားတန်းလန်းနှင့် သေဆုံးလျက်ရှိသော သူ၏ အကြောင်းကိုလည်းကောင်း၊ မျောက်မျက်နှာရှိသော သူ၏ ဇနီး အရီဆိုသည့် မိန်းမချောကလေး၏ အကြောင်းကိုလည်းကောင်း၊ အခြောက်တိုက် အဖမ်းခံရသော မဂိုလမ်း (ရွှေဘုံသာလမ်း) မှ ကုလား ဆရာဝန်တစ်ဦး၏ အကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက ပြောဆိုလျက် ဆားပုလင်းနှင်းမောင် ကမူ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားရင်း ထိုအခန်းအတွင်း၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြပြီးနောက် ထွက်၍ လာခဲ့လေတော့၏။

ဘောတံတားပေါ်သို့ ရောက်လျှင် ဆားပုလင်းနှင်းမောင်က ကျွန်ုပ်တို့ အား အောက်ပါမှတ်သားဖွယ်ရာ ကောင်းသော စကားကို ဆိုလေ၏။

**"တရားခံကတော့ အမှုကို လုံအောင်ဝှက်မှာ ပဲ၊ ပေါ်အောင်ဖော်နိုင်ဖို့ က ကျုပ်တို့ တာဝန်ဖြစ်တယ်"**

* * *